# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (29-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Tor Saralamba သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ဧည့်ခံဆောင်တော် ဂုဏ်ပြုဆောင်ခန်းမကြီးသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ထိုင်းနိုင်ငံအလံတို့ကို အလေးပြုသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**

**သံအမတ်ခန့်အပ်လွှာ ပေးအပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Tor Saralamba က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ**

စာမျက်နှာ - ၁၈

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊

**စာမျက်နှာ ၂၃ ကော်လံ ၁**

ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



## ဘင်္ဂလားပင်လယ်အော်တွင် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ပြေးဆွဲပေးမည့် ဘက်ထရီလျှပ်စစ်ရထားကို တွေ့ရစဉ်။

## ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များ ပြေးဆွဲပေးမည်

**နေပြည်တော် ဩဂုတ် ၂၈**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားအမှတ် ည-၁၊ ည-၃၊ ည-၅၊ ည-၇၊ ည-၉၊ ည-၁၁ ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ်နှင့် ည-၂၊ ည-၄၊ ည-၆၊ ည-၈၊ ည-၁၀၊ ည-၁၂ ဒဂုံတက္ကသိုလ်-တိုးကြောင်ကလေး-ရန်ကုန် ရထားခရီးစဉ်များကို ဘက်ထရီရထားစက်ခေါင်းဖြင့် တစ်တွဲလျှင် ခရီးသည် ၆၂ ဦး လိုက်ပါနိုင်သည့်

**စာမျက်နှာ ၂၀ ကော်လံ ၁**

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပင် ဖြစ်ပေသည်။

မျက်မှောက်ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှု ကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည်။ ထိုသို့ ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်တစ်ရပ်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ယခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်လေးရပ်ချမှတ်ကာ ကျင်းပဖော်ဆောင်လျက်ရှိသည်။

အလားတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် စသောရည်ရွယ်ချက်များဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို နေပြည်တော်၌ ဩဂုတ် ၂၆ ရက်ကစ၍ ကျင်းပလျက်ရှိသည်ကို တွေ့ရသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားရေးအတွက် ဝမ်းမြောက်ဂုဏ်ယူရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာ ဖော်ဆောင်နိုင်ရေးတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ ပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကာ ကျရာတာဝန်အသီးသီးကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ဖောင်းပြင် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ မြေထောက်ပဲသီးနှံတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် ဂျိုင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပုသိမ်ကြီး ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျိုင့်ကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၇ ဦးကို ငွေကျပ် ၄၃ ဒသမ ၃ သန်းနှင့် မွေးမြူရေးလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



မြောင်းမြ ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးတန်ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းကော အခုလက်ရှိမှာပါ ရေထွက်ကုန်တွေ မှာယူမှုအားကောင်းနေပါတယ်။ အခုလိုတင်ပို့အားတက်လာတော့ ငါးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်" ဟု မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် နှစ်သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၃၀ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

# လယ်ဝေးမြို့နယ် လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လက်ပံခုန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၇၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၇၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ နှမ်းဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းကို ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် နှမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကန်ကြီးအောက်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကန်ကြီးအောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ကြီးအောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ကြီးအောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့မှုကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ကွမ်းသီးအနုပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနုတစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ကွမ်းသီးအနုတွေ အရောင်းအဝယ်ကောင်းနေတော့ ကွမ်းသီးစိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်းအဆင်ပြေနေပါတယ်''ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် စိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိအဆင်ပြေနေကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ချဉ်ပေါင်ရွက်နှင့် ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

**ချဉ်ပေါင်ရွက်**

လူတိုင်းသိပြီးဖြစ်သည့် ချဉ်ပေါင်ပင်သည် သုံးမြှောင့်ပုံအရွက်စိမ်းစိမ်းကလေးများက အရိုးနီနီ သို့မဟုတ် ရိုးတံစိမ်းစိမ်းတွင် အရွက်ချင်းဆိုင်ပြီး အစီအရီပေါက်တတ်သည့် အပင်ငယ်ဖြစ်သည်။ ဝါမျိုးရင်း Malvaceae ဖြစ်သော ချဉ်ပေါင်ရွက်ကို အင်္ဂလိပ်လို Roselle Leaves ဟုခေါ်ပြီး သိပ္ပံအမည်မှာ Hibiscus sabdariffa ဖြစ်သည်။

ချဉ်ပေါင်ရွက်သည် မြန်မာအိမ်ထောင်စုများ၏ ထမင်းဝိုင်းတွင် မရှိမဖြစ်ပါဝင်လေ့ရှိသော လူကြိုက်များသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပြီး ချဉ်ပြုံးပြုံးအရသာနှင့် အအီပြေပြီး ထမင်းမြိန်စေသည့် ချဉ်ပေါင်ရွက်သည် စား၍အရသာကောင်းရုံသာမက ကျန်းမာရေး အကျိုးကျေးဇူးများစွာကိုလည်း ပေးစွမ်းနိုင်သည်။

**ချဉ်ပေါင်ရွက်ဇာစ်မြစ်**

ချဉ်ပေါင်ပင်သည် အာဖရိကအနောက်ပိုင်း သို့မဟုတ် အာရှတိုက် အပူပိုင်းဒေသများမှ စတင်မြစ်ဖျားခံခဲ့သည်ဟု ယူဆကြပြီး လက်ရှိတွင် ကမ္ဘာ့အပူပိုင်းနှင့် သမပိုင်းဒေသများ၌ ကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိသည်။ အချို့ကလည်း အာရှတိုက်တွင် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ စတင်ပေါက်ရောက်ခဲ့သည်ဟုဆိုသည်။

**ချဉ်ပေါင်အမျိုးအစား**

မြန်မာနိုင်ငံတွင် ချဉ်ပေါင်နီ၊ မြန်မာချဉ်ပေါင်နှင့် လက်ခြားချဉ်ပေါင်တို့သည် စိုက်ပျိုးမှုများသော ချဉ်ပေါင်အမျိုးအစားသုံးမျိုးဖြစ်သည်။ ပထမအမျိုးအစားမှာ အိန္ဒိယမှရသောမျိုးဖြစ်ကာ ဘိလပ်ချဉ်ပေါင်ဟုလည်းခေါ်ပြီး နီနီရဲရဲအသီးရှိသဖြင့် ချဉ်ပေါင်နီဟုလည်း ခေါ်ကြသည်။ ဒုတိယအမျိုးအစားမှာ အကိုင်းအနည်းငယ်ဖြာသည့် မြန်မာချဉ်ပေါင်ကို အရွက်စားသုံးရန် အဓိကရည်ရွယ်စိုက်ပျိုးကြသည်။ တတိယအမျိုးအစားအရွက်မှာ လက်ခြားဖြာပြီး အမွေးအနည်းငယ်ထူကာ ကိုင်းဖြာမှုမရှိဘဲ တစ်ပင်တိုင်မျိုးဖြစ်၍ လျှော်ထုတ်ရန် အသုံးပြုကြသဖြင့် လျှော်ချဉ်ပေါင်ဟုလည်း ခေါ်ကြသည်။

**ချဉ်ပေါင်ရွက်စားသုံးမှုပုံစံ**

ပြည်တွင်းစားသုံးမှုအနေဖြင့် အရွက်ကို ဟင်းချိုချဉ်ရည်ဟင်း၊ ဆီပြန်ကြော်နှင့် အတို့အမြှုပ်အဖြစ် နေ့စဉ်ထမင်းဝိုင်းတွင်သုံးဆောင်ကြသည်။ ချဉ်ပေါင်ရွက်ကို မှျစ်၊ ဟင်းသီးဟင်းရွက် သို့မဟုတ် ငါး၊ အမဲရိုးတို့နှင့်တွဲဖက်၍ ချဉ်ရည်ဟင်းအဖြစ် သောက်သုံးကြသည်။ ပုစွန်ခြောက်၊ မှျစ်၊ ငရုတ်သီးစိမ်းတို့နှင့် ဆီပြန်ကြော်၍ ချဉ်ပေါင်ကြော်ကို မြိန်ရှက်စွာစားသုံးကြသည်။ ချဉ်ပေါင်ရွက်ကိုပြုတ်၍ ငါးပိရည်၊ ငရုတ်သီးတောင့်တို့နှင့် အတို့အမြှုပ်အဖြစ်လည်း စားသုံးနိုင်သည်။ ချဉ်ပေါင်ဟင်း၊ ချဉ်ပေါင်ကြော်ပါလျှင် ထမင်းမြိန်ကြသကဲ့သို့ ဆီပြန်ဟင်းများ၊ အကြော်အလှော်များနှင့် အအီပြေချဉ်ပေါင်ဟင်းချိုတို့ကို တွဲစပ်ချက်ပြုတ်ကြကာ အလှူပွဲများတွင်လည်း စားသုံးကြသည်။ ထို့ပြင် ချဉ်ပေါင်ဖူးကို ယိုထိုးပြီး ချိုချဉ်စပ်အရသာလေးနှင့် အချိုပွဲအဖြစ် စားသုံးကြသည်။ အနောက်နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် အရွက်ထက် အပွင့်ပွင့်ပြီးကျန်ခဲ့သည့် ပွင့်ဖတ်ကိုအခြောက်ခံ၍ လက်ဖက်ရည်၊ အဖျော်ယမကာနှင့် အချိုပွဲများတွင် ရောင်စုံသဘာဝဆေးအဖြစ် အဓိကသုံးစွဲကြသည်။

**ချဉ်ပေါင်ရွက်တွင်ပါဝင်သော အာဟာရဓာတ်များ**

လူတိုင်းနီးပါး နှစ်သက်စွာစားသုံးကြသည့် ချဉ်ပေါင်ရွက်တွင် ခန္ဓာကိုယ်အတွက်အကျိုးပြုသည့် အာဟာရဓာတ်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ချဉ်ပေါင်ရွက်တွင် ဗီတာမင်စီ၊ ဗီတာမင် B2၊ ဗီတာမင်အေ၊ ကာဗိုဟိုက်ဒရိတ်စသည့်အာဟာရဓာတ်များနှင့် ကယ်လ်စီယမ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ် အစရှိသည့် သတ္တုဓာတ်များစွာပါဝင်သည်။ ခန္ဓာကိုယ်၏ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ များစွာပါဝင်သည်။



**မြန်မာ့ဆေးကျမ်းပါ ချဉ်ပေါင်ရွက်အစွမ်းများ**

ဆေးအဘိဓာန်တွင် ချဉ်ပေါင်ရွက်သည် ဝမ်းမီးတောက်၏။ သည်းခြေနာ၊ ကြက်သွှာနာ၊ မြင်းသရိုက်နာတို့ကိုသက်သာစေတတ်၏ဟု ဖော်ပြထားသည်။ မြန်မာ့ဆေးကျမ်းများတွင်လည်း ချဉ်ပေါင်နီ၊ ချဉ်ပေါင်ဖြူ၊ ချဉ်ပေါင်ခါးဟူ၍ သုံးမျိုးရှိပြီး ချဉ်ပေါင်နီ၊ ချဉ်ပေါင်ဖြူရွက်သည် ချဉ်၍ခွဲ၏။ ပူ၏။ ပူနာ၊ သလိပ်နာ၊ သည်းခြေနာတို့ကိုနိုင်၏။ လေကိုပျက်စေတတ်၏။ ခံတွင်းနာ၊ နှုတ်မမြိန်နာတို့နှင့်သင့်၏။ ချဉ်ပေါင်ခါးသည် ချဉ်၏။ ငန်၏။ အဆီမရှိ။ လေသလိပ်ကို နိုင်၏။ အဆိပ်နာ၊ မြင်းသရိုက်နာများနှင့်သင့်၏။ နှုတ်ကိုမြိန်စေတတ်၏ဟုဆိုထားသည်။ ချဉ်ပေါင်နီသည် အချဉ်ဓာတ်ပိုပြီး အဖြူနှင့်အညိုလက်ခြားမျိုးတို့တွင် အညိုက စား၍ကောင်း၏။ နုန်းမြေ၊ မြေနုအရပ်တွင်ပေါက်သောချဉ်ပေါင်သည် အချဉ်နည်း၍ အချွဲအဖန်နည်းသောကြောင့် ပို၍စားကောင်းသည်။ တပေါင်း၊ တန်ခူးလတို့တွင် ကြက်သွန်ခင်းပတ်ဝန်းကျင်တို့အနီးစိုက်ပျိုးသော ချဉ်ပေါင်လက်ခြားများက အချဉ်နည်း၊ အချွဲနည်းသဖြင့် အလွန်စားကောင်း၏။ ချဉ်ပေါင်ရွက်သည် သလိပ်ကို စိုစေ၊ ပွစေတတ်၏။ ဆီး၊ ဝမ်းကိုမှန်မှန်သွားစေတတ်သော သီတဂိုဏ်းဝင် အမျိုးအစားပေတည်းဟုဆိုထားသည်။ ချဉ်ပေါင်ခါးရွက်သည် အဖြူ၊ အနီဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ခါး၏။ အနည်းငယ်ချဉ်၏။ အနီမျိုးသည် ဝမ်းမီးကိုတောက်စေတတ်သဖြင့် အစာကြေလွယ်စေတတ်၏။ ပိတ်ကိုက်နာ၊ မြင်းသရိုက်နာ၊ လေနာ၊ သည်းခြေနာ၊ ကြက်သွှာနာတို့ကိုနိုင်၏။ ရင်ကိုလည်း ချောင်စေတတ်၏။ ချဉ်ပေါင်ခါးအဖြူသည်လည်း အနီနှင့် အကျိုးပြုပုံတူသော် အနီလောက်ဆေးစွမ်းမထက်ပေ။ ထိုချဉ်ပေါင်မျိုးတို့ကို ဓာတ်ချဉ်ပေါင်၊ ကိုင်းချဉ်ပေါင်၊ ချဉ်ပေါင်လက်ခြားဟူ၍ အမျိုးမျိုးခေါ်ကြ၏။ ကိုင်းချဉ်ပေါင်ခါးမျိုးသည် အရိုးတွင် သေးငယ်သော ဆူးလေးရှိပြီး အရွက်တွန့်လိပ်သယောင်ရှိ၏။ ချဉ်ပေါင်လက်ခြားကား အရိုးအကြောနီသော်လည်း အကျိုးပေးခြင်းတူ၏ဟုဆိုထားသည်။ ချဉ်ပေါင်ခါးကို အစာကြေဆေး၊ နှုတ်မြိန်ဆေး၊ သွေးဝမ်း၊ မြင်းသရိုက်နာပျောက်ဆေး၊ ဝဖြိုးဆေး၊ ကာမအားတိုးဆေး၊ နားကိုက်ပျောက်ဆေး၊ လည်ချောင်းနာပျောက်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အဆစ်အမျက်လွဲနာကျင်ပျောက်ဆေး၊ ဝမ်းနုတ်ဆေး၊ သည်းခြေရောဂါနှင့် နှာစေးချောင်းဆိုးပျောက်ဆေးအဖြစ် ဆေးဝါးများဖော်စပ်ရာတွင် သုံးလေ့ရှိသည်။ ချဉ်ပေါင်ဖြူကို ဝမ်းပျက်ခြင်းအတွက် ဆေးဖော်လေ့ရှိပြီး ချဉ်ပေါင်နီလက်ခြားကို ဆီးရွှင်ဆေး၊ ရေငတ်ပျောက်ဆေး၊ နှုတ်မြိန်ခံတွင်းကောင်းဆေး၊ သည်းခြေရောဂါ၊ မူးဝေခြင်း၊ လေနာရောဂါ၊ နူနာရောဂါ၊ အဆုတ်ရောဂါ၊ အသားအရေညိုညစ်ခြင်း၊ သားသည်မိခင်များ နို့ရည်လိုက်ဆေးအဖြစ် ဆေးဝါးဖော်စပ်ကြသည်။

**ချဉ်ပေါင်ရွက်၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ချဉ်ပေါင်ပင်သည် အရွက်မှစ၍ အပွင့်၊ အဖူးနှင့် တစ်ပင်လုံးနီးပါး ဆေးဖက်ဝင်သည်။ ချဉ်ပေါင်ပင်ကို ရှေးနှစ်ပေါင်းများစွာကပင် ကျန်းမာရေးအတွက် ဆေးဖက်ဝင်သည့်အပင်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။

**သွေးဖိအားနှင့် သွေးတွင်းအဆီဓာတ်ထိန်းညှိပေးခြင်း**

ချဉ်ပေါင်ရွက်သည် သွေးတိုးကျစေရန်နှင့် သွေးတွင်းရှိ မကောင်းသောကိုလက်စထရော(LDL) များကိုလျှော့ချရာတွင် ကူညီပေးသဖြင့် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

ချဉ်ပေါင်ရွက်တွင် ဗီတာမင်အေ ပါဝင်သောကြောင့် မျက်စိအားကောင်းစေပြီး မျက်စိရောဂါများကို ကာကွယ်ပေးသည်။

**သွားနှင့်သွားဖုံးကျန်းမာစေခြင်း**

ချဉ်ပေါင်ရွက်တွင် ကယ်လ်စီယမ်ဓာတ်ပါဝင်သောကြောင့် ခံတွင်းရှိ ဘက်တီးရီးယားများကို အကောင်းဆုံးတိုက်ဖျက်ပေးနိုင်သည့် အာနိသင်ရှိပြီး သွားနှင့်သွားဖုံးများကို ကျန်းမာသန်စွမ်းစေနိုင်ပြီး မေးရိုးကို ခိုင်ခန့်စေသည်။

**ဆီးရွှင်စေခြင်း**

ချဉ်ပေါင်ရွက်တွင် ဟိုက်ဒရိုစီနှင့် အမိုင်နိုအက်စစ်များကြွယ်ဝစွာပါရှိသောကြောင့် ဆီးအားကောင်းစေပြီး ဆီးရွှင်၍ ဝမ်းသက်စေသည်။

**ကိုယ်ဝန်ဆောင်များ ကျန်းမာစေနိုင်ခြင်း**

ချဉ်ပေါင်ရွက်တွင် ကိုယ်ဝန်ဆောင်မိခင်တိုင်း လိုအပ်သည့် သံဓာတ်ပြည့်ဝစွာပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မိခင်ရော ကလေးပါကျန်းမာစေရန်လိုအပ်သည့် တစ်ရက်လျှင် သံဓာတ် ၂၇ မီလီဂရမ်ခန့်ကို ချဉ်ပေါင်ဟင်းစားသုံးပေးခြင်းဖြင့် ရရှိနိုင်သည်။

**အအေးမိဖျားနာ၊ ချောင်းဆိုး ကာကွယ်ပေးခြင်း**

ချဉ်ပေါင်ရွက်တွင် ဗီတာမင်စီပါဝင်သောကြောင့် ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်သည်။ ကိုယ်ခံအားကောင်းနေပါက အအေးမိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းကဲ့သို့ ကျန်းမာရေးပြဿနာများမဖြစ်စေရန် ကာကွယ်ပေးသည်။ ချဉ်ပေါင်ရွက်တွင် သံဓာတ်စုပ်ယူမှုကိုကောင်းစေပြီး ခန္ဓာကိုယ်ကို အင်အားပြည့်ဝစေသောကြောင့် ရောဂါပိုးများ အလွယ်တကူဝင်ရောက်ကူးစက်ခြင်းများမဖြစ်အောင် ကာကွယ်ပေးပြီး ဗိုင်းရပ်များကိုလည်း ခုခံကာကွယ်ပေးသည်။

**ခုခံအားစနစ်မြှင့်တင်ပေးခြင်း**

ချဉ်ပေါင်ရွက်တွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သဖြင့် ခန္ဓာကိုယ်၏ခုခံအားစနစ်ကို သန်မာစေပြီး တုပ်ကွေးနှင့် အအေးမိရောဂါများကို ကာကွယ်ပေးသည်။ ဗီတာမင်စီကြွယ်ဝစွာပါဝင်သည့် ချဉ်ပေါင်ရွက်နှင့် ချဉ်ပေါင်သီးသည် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အအေးမိဖျားနာခြင်းကို သက်သာပျောက်ကင်းစေသည်။

**ဝမ်းမှန်စေခြင်း**

ချဉ်ပေါင်ရွက်တွင် မဂ္ဂနီစီယမ် ၂၉ မီလီဂရမ် နေ့စဉ်လိုအပ်မှု၏ ၆ ဒသမ ၉ ရာခိုင်နှုန်းထိပါဝင်နေပြီး ရေတွင်ပျော်ဝင်လွယ်သည့် မဂ္ဂနီစီယမ်ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းမဖြစ်အောင်ကာကွယ်ပေးပြီး ဝမ်းပျော့စေကာ အူကြွက်သားများကိုပြေလျော့စေသည်။ အူများ၏လုပ်ဆောင်မှုကိုကောင်းစေပြီး ဝမ်းချုပ်မှုကင်း၍ဝမ်းမှန်စေသည်။ ဝမ်းပျော့စေရန် ရေတွင်ပျော်ဝင်လွယ်သည့် မဂ္ဂနီစီယမ်ဖြည့်စွက်စာများကိုလည်းစားသုံးပေးနိုင်သည်။ ထို့ပြင် ချဉ်ပေါင်ရွက်တွင် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဝမ်းမှန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ အစာအိမ်နှင့် အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေသည်။

**အင်အားပြည့်စေခြင်း**

ချဉ်ပေါင်ရွက်တွင် ဖော့စဖရတ်ဓာတ်ကြွယ်ဝသောကြောင့် ကြွက်သားအားနည်းခြင်း၊ ထုံကျဉ်ခြင်း၊ မောပန်းလွယ်ခြင်းစသည့် ကျန်းမာရေးပြဿနာများကို ကင်းဝေးစေသည်။ အရွယ်ရောက်ပြီးသူ လူတစ်ဦးသည် နေ့စဉ်လုပ်ဆောင်စရာများကို တက်ကြွစွာလုပ်ဆောင်နိုင်စေရန် ဖော့စဖရတ်ဓာတ် မီလီဂရမ် ၁၂၀၀ လိုအပ်သောကြောင့် ချဉ်ပေါင်ရွက်ကို စားသုံးပေးသင့်သည်။

**သံဓာတ်ဖြည့်ဆည်းပေးခြင်း**

ချဉ်ပေါင်ရွက်တွင် သံဓာတ်ပါဝင်မှုကြောင့် သွေးအားနည်းရောဂါခံစားနေရသူများအတွက် သင့်တော်သည့် အသီးအရွက်တစ်မျိုးဖြစ်သည်။

**ရာသီလာစဉ်နာကျင်ကိုက်ခဲမှုသက်သာစေခြင်း**

ချဉ်ပေါင်ရွက်သည် ကိုယ်တွင်းဟော်မုန်းကို ထိန်းညှိပေးနိုင်သောကြောင့် အမျိုးသမီးများ ရာသီလာစဉ် နာကျင်ကိုက်ခဲမှုကို သက်သာစေနိုင်ပြီး ရာသီလာချိန် ဟော်မုန်းအပြောင်းအလဲကြောင့် စိတ်ခံစားမှုပြောင်းလဲခြင်းကိုလည်း သက်သာစေနိုင်သည်။

**အရေပြားအနာများကုသနိုင်ခြင်း**

ပြတ်ရှနာများ၊ ဖက်ခွက်နာနှင့် ပြည်တည်နာများအတွက် ချဉ်ပေါင်ရွက်ကို မီးမြှိုက်၍အုံပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

ဝက်လက် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာ၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

**ခန္ဓာကိုယ်လန်းဆန်းကျန်းမာစေခြင်း**

ချဉ်ပေါင်ရွက်သည် ကြွက်သားအားနည်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စသည့်ကျန်းမာရေးနှင့်ပတ်သက်သည့် အသေးအမွှားပြဿနာများကို သက်သာပျောက်ကင်းစေပြီး ခန္ဓာကိုယ်ကိုကျန်းမာစေကာ တက်ကြွလန်းဆန်းစေသည်။

**အရိုးသန်မာစေခြင်း**

ချဉ်ပေါင်ရွက်တွင် ကယ်လ်စီယမ်ဓာတ်အမြောက်အမြားပါရှိသဖြင့် အရိုးကိုသန်မာစေပြီး အာရုံကြောအဖွဲ့အစည်းများနှင့် ကြွက်သားများဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေသည်။

**အနည်းငယ်သတိထားရန်လိုသော ချဉ်ပေါင်ရွက်**

ချဉ်ပေါင်ရွက်တွင် အချဉ်ဓာတ်ပါသောကြောင့် ပမာဏအများအပြားစားသုံးမိလျှင် အစာခြေစနစ်ပြဿနာရှိနိုင်သောကြောင့် အလွန်အကျွံမစားမိရန်လိုသည်။ ချဉ်ပေါင်ရွက်ကို နို့တိုက်မိခင်များနှင့် အလွန်ငယ်ရွယ်သောကလေးများ၊ ချောင်းဆိုးရင်ကျပ်ဝေဒနာသည်များ မစားသင့်သကဲ့သို့ သွေးတိုးရောဂါရှိသူများအနေဖြင့် အလွန်အကျွံစားပါက သွေးပေါင်ချိန်တက်နိုင်သဖြင့် ဆင်ခြင်စားသုံးသင့်သည်။

**အနှစ်ချုပ်**

ချဉ်ပေါင်ရွက်သည် နာကျင်ရောင်ရမ်းမှုကိုသက်သာစေခြင်း၊ အစာကြေစေခြင်း၊ အူမကြီးကင်ဆာရောဂါကို ကာကွယ်ပေးခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း၊ စိတ်ကျန်းမာရေးကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါများကို ကာကွယ်ပေးခြင်း၊ သွေးပေါင်ချိန်ထိန်းညှိပေးခြင်း၊ အသည်းကျန်းမာစေခြင်း စသည့်အကျိုးကျေးဇူးများပေးစွမ်းနိုင်သည်။ ထို့ပြင် ချဉ်ပေါင်ရွက်သည်ဈေးနှုန်းချိုသာပြီး တစ်နှစ်ပတ်လုံးရရှိနိုင်ကာ ရှာဖွေရလွယ်ကူရုံမျှမက ကျန်းမာရေးအတွက်ပါ များစွာအကျိုးပြုသည့် သဘာဝဓာတ်စာတစ်မျိုးဖြစ်သဖြင့် နေ့စဉ်စားသောက်မှုပုံစံတွင် ပုံမှန်ထည့်သွင်းစားသုံးပေးသင့်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## စာနာစိတ်ထား သူငါများ

\- ကိုယ်နှင့်ယှဉ် စာနာထား
သူတစ်ပါး ချစ်ကြင်နာ၊
အမုန်းတွေ ဘယ်မပေး
အေးချမ်းစေရာ၊
မွန်မြတ်စိတ် မွေးမြူပါ
ရိုင်းပင်းကာ ကူညီလျက်၊
ပရအကျိုးကို ရည်မျှော်ကိုး
သယ်ပိုးရှေ့ဆက်။

\- အတ္တမာန် ရင်မှာမဖက်နဲ့
ဘဝအတွက် အမြဲရှင်သန်၊
စေတနာ ရှေ့တန်းပျိုး
ရိုးသားကျင့်ကြံ၊
စာနာစိတ်ဖြင့် သည်းခံ
နည်းမှန်စွာ နေထိုင်ရင်း၊
လူတို့ဘောင် ဘဝလမ်းကို
ဖြတ်သန်းပါမင်း။

\- ညှာတာပါ လူသားချင်း
ကောင်းသတင်း ရရှိစေ၊
လူတိုင်းပေါ် စာနာစိတ်
လျှံဖိတ်ဖြာဝေ၊
ကောင်းရာပြု တွေးကြံနေ
ဘဝအခြေ မြင့်မားရေး၊
ရိုးဖြောင့်စွာ စိတ်ကိုမြှင့်လို့
ဂုဏ်တင့်စေလေး။ ။

လမင်းခန့်(ပညာရေး)

## တောင်တွင်းကြီးမြို့နယ် အင်းရှာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းရှာကြီးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းရှာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၈၂ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ရန်ပုံငွေကျပ် ၅၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

## နေတိုးအဖွဲ့ဝင်နိုင်ငံများကို ရုရှားတိုက်ခိုက်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား

**မော်စကို ဩဂုတ် ၂၈**

ရုရှားသမ္မတ ပူတင်အနေဖြင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံများကို တိုက်ခိုက်မည် မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဩဂုတ် ၂၅ ရက်က သွားရောက်ခဲ့သည့် မော်စကိုခရီးစဉ်အတွင်း အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) အကြီးအကဲက ရုရှားနေတိုးအဖွဲ့ဝင်နိုင်ငံများကို မတိုက်ခိုက်ရန် ရုရှားတာဝန်ရှိသူများကို သတိပေး ပြောကြားခဲ့သည်ဟူသော သတင်းများပေါ်ထွက်နေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ထိုသို့ပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်နိုင်ငံများကို တိုက်ခိုက်မည် မဟုတ်ကြောင်း အမေရိကန်မီဒီယာများနှင့် ဖုန်းဖြင့်ခေါ်ဆိုမေးမြန်းသည့် အင်တာဗျူးတစ်ခု၌ သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အလားတူ စီအိုင်အေ ညွှန်ကြားရေးမှူး ဂျွန်ရက်ကလစ်ဖ်အနေဖြင့် မော်စကိုခရီးစဉ်အတွင်း ရုရှားတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် နေတိုးအဖွဲ့ဝင် နိုင်ငံများကို မတိုက်ခိုက်ရန် သတိပေးပြောကြားခြင်းမျိုး မလုပ်ခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

မော်စကိုခရီးစဉ်အတွင်း ရုရှားထောက်လှမ်းရေး အဖွဲ့အစည်းအကြီးအကဲများနှင့် တွေ့ဆုံစဉ် စီအိုင်အေအကြီးအကဲ ဂျွန်ရက်ကလစ်ဖ်သည် ရုရှားနိုင်ငံက အီရန်ကို အားပေးကူညီနေမှု အပါအဝင် အကြောင်းအရာ အများအပြား ဆွေးနွေးခဲ့သည်ဟု အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## လိတ်ခ်အွန်တေရီယိုရေအိုင်ကို လိတ်ခ်အမေရိကရေအိုင်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အမည်ပြောင်း




**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဩဂုတ် ၂၇ ရက်တွင် လိတ်ခ်အွန်တေရီယို ရေအိုင်ကို လိတ်ခ်အမေရိက ရေအိုင်အဖြစ် အမည်ပြောင်းလဲ ခဲ့ကြောင်း အမေရိကန် မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးခဲ့သော အထူးအမိန့်ဒီဂရီအရ အဆိုပါရေအိုင်ကို အမေရိကန်နိုင်ငံအတွင်း ရည်ညွှန်းသုံးစွဲရာတွင် လိတ်ခ်အမေရိကရေအိုင်ဟူသော အမည်ဖြင့် ရည်ညွှန်းသုံးစွဲရမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါအမိန့်ဒီဂရီသည် ကနေဒါနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများပေါ်တွင် အာဏာသက်ဝင်မှုမရှိကြောင်း သိရသည်။

လိတ်ခ်အွန်တေရီယို ရေအိုင်သည် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၊ ကနေဒါနိုင်ငံ အွန်တေရီယို ပြည်နယ်တို့နှင့် ထိစပ်နေသော နယ်စပ်ရေအိုင်ကြီးဖြစ်သည်။

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ကြား ပိုမိုကုန်ခွန်စည်းကြပ်မှုပြဿနာကို အကြောင်းပြု၍ ဆက်ဆံရေး တင်းမာနေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လိတ်ခ်အွန်တေရီယို ရေအိုင်ကို လိတ်ခ်အမေရိက ရေအိုင်အဖြစ် အမည်ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

နှစ်ပေါင်း ၄၀၀ ကျော်သုံးစွဲခဲ့သည့် လိတ်ခ်အွန်တေရီယို အမည်ကို မိမိတို့အနေဖြင့် အခြားအမည်တစ်မျိုးဖြင့် ပြောင်းလဲသုံးစွဲမည်မဟုတ်ဟု ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မိုင်းရှာသင်္ဘော ခုနစ်စီး ဝယ်ယူရန် ဘူလ်ဂေးရီးယားစီစဉ်ထား

**ဆိုဖီယာ ဩဂုတ် ၂၈**

ဘူလ်ဂေးရီးယား နိုင်ငံသည် ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့မှ မိုင်းရှာသင်္ဘောခုနစ်စီး ဝယ်ယူရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပင်လယ်နက် ရေလမ်းကြောင်းများ လုံခြုံရေးနှင့် ရေမြှုပ်မိုင်းများ ရှင်းလင်းရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် ကြိုးပမ်းနေချိန်တွင် ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့ထံမှ မိုင်းရှာသင်္ဘောခုနစ်စီး ဝယ်ယူရန် ဘူလ်ဂေးရီးယားနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယား နိုင်ငံသည် ရိုမေးနီးယားနိုင်ငံ၊ တူရကီယဲနိုင်ငံတို့နှင့်အတူပင်လယ်နက်ဒေသတွင်း မျောပါနေသည့် ရေမြှုပ်မိုင်းများကို ပူးတွဲရှင်းလင်းရန် ယခုနှစ်ဇူလိုင်လအတွင်း သဘောတူထားသည်။

အဆိုပါ နေတိုးအဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံတို့သည် ပင်လယ်နက်ဒေသ၌ ဂျော်ဂျီယာ၊ ရုရှား၊ ယူကရိန်းတို့နှင့် ပင်လယ်နက်ဒေသ၌ ရေပြင်နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံများဖြစ်ကြသည်။

ဘူလ်ဂေးရီးယား၊ရိုမေးနီးယား၊ တူရကီယဲနိုင်ငံတို့သည် ရုရှားနှင့် ယူကရိန်းတို့ကြား ၂၀၂၂ ခုနှစ်တွင် စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်နက်ဒေသတွင်း မျောပါနေသော ရေမြှုပ်မိုင်းများကိုရှင်းလင်းရန် ပူးတွဲအလုပ်အဖွဲ့ ဖွဲ့စည်းထားသည်။

ပင်လယ်နက်ဒေသ ရေမြှုပ်မိုင်းများအန္တရာယ်ကို ရှင်းလင်းရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့်အနေဖြင့် မိုင်းရှာသင်္ဘော ခုနစ်စီးထပ်မံအားဖြည့်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## နော်ဝေဘုရင် ဟာရဲလ် အသက် ၈၉ နှစ်တွင်ကွယ်လွန်



**အော့စ်လို ဩဂုတ် ၂၈**

ပြုပြင်ပြောင်းလဲရေးဝါဒီတစ်ဦးဖြစ်သည့် နော်ဝေဘုရင် ဟာရဲလ်သည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သက်တော် ၈၉ နှစ်ရှိပြီဖြစ်ကြောင်း နော်ဝေဘုရင့်နန်းတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

နော်ဝေဘုရင် ဟာရဲလ်သည် အော့စ်လိုမြို့ အော့စ်လိုတက္ကသိုလ်ဆေးရုံကြီး၌ ၁၀ ရက် ကျော်ကြာ ဆေးကုသမှု ခံယူပြီးနောက် ယနေ့တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

နော်ဝေဘုရင် ဟာရဲလ်သည် သွေးအတွင်း ဗက်တီးရီးယား ကူးစက်ရောဂါတစ်မျိုး ဖြစ်ပွားနေမှုကြောင့် ဩဂုတ် ၁၇ ရက်တွင် အော့စ်လိုတက္ကသိုလ် ဆေးရုံသို့ စတင်တက်ရောက်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် နော်ဝေထီးနန်းအရိုက်အရာကိုဆက်ခံခဲ့သည့်ဘုရင်ဟာရဲလ်သည် ဥရောပ၏အသက်ကြီးဆုံးနန်းစံဘုရင် တစ်ပါးအဖြစ် စာရင်းဝင်ခဲ့သူဖြစ်သည်။

နော်ဝေဘုရင် ဟာရဲလ်သည် နော်ဝေထီးနန်းကို နှစ်ပေါင်း ၃၀ ကြာ ရယူခဲ့ပြီးနောက် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ အရိုက်အရာကို နော်ဝေအိမ်ရှေ့မင်းသား ဟာကွန်းက ဆက်လက်ဆက်ခံရမည်ဖြစ်သည်။

နော်ဝေဘုရင် ဟာရဲလ် ကွယ်လွန်ပြီးနောက် အိမ်ရှေ့မင်းသားဟာကွန်းက ဘုရင် ဟာကွန်း-၈ အဖြစ် နော်ဝေထီးနန်းကို ဆက်ခံမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တောင်ကိုရီးယား၌ ရေနံတင်သင်္ဘောတစ်စီးမီးလောင်၊ လူနှစ်ဦးသေဆုံး

**ဆိုးလ် ဩဂုတ် ၂၈**

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့ ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ရေနံတင်သင်္ဘောတစ်စီးပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော သင်္ဘောသည်တန်ချိန် ၇၀၀၀ကျော် တောင်ကိုရီးယား ရေနံတင်သင်္ဘောတစ်စီးဖြစ်ပြီး မီးလောင်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယား ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ရေနံတင် သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၁၈ ဦးပါရှိပြီး မီးလောင်မှုဖြစ်ပွားစဉ် ရေယာဉ်ဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကျန်ရှိသော ရေယာဉ်ဝန်ထမ်းအားလုံးကို တောင်ကိုရီးယား ကမ်းခြေစောင့် တပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရေနံတင်သင်္ဘောမီးလောင်မှုသည် သင်္ဘော၏အင်ဂျင်ခန်း၌ စတင်ခဲ့ဖွယ်ရှိကြောင်း တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘောပေါ်တွင် လိုက်ပါလာသူရေယာဉ်ဝန်ထမ်း ၁၈ ဦးအနက် ၁၁ ဦးမှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်ကြပြီး ခုနစ်ဦးမှာ နိုင်ငံခြားသားများဖြစ်ကြသည်။

လက်ရှိတွင် ရေနံတင်သင်္ဘော မီးလောင်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို တောင်ကိုရီးယားကမ်းခြေစောင့်တပ်က စုံစမ်းစစ်ဆေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# နာဆာ၏ စတားလင့်ခ်မစ်ရှင်ဂြိုဟ်တုများက အခြားဂြိုဟ်တုများကိုအသုံးပြု၍ ဂျီပီအက်စ်မလိုအပ်သော တည်နေရာနှင့်လမ်းကြောင်းပြစနစ်ကို စမ်းသပ်နိုင်ခဲ့



ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ စတားလင့်ခ်မစ်ရှင် ဂြိုဟ်တုများသည် အခြားဂြိုဟ်တုများကိုအသုံးပြု၍ ဂျီပီအက်စ် မလိုအပ်သော တည်နေရာနှင့် လမ်းကြောင်းပြစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၇ ရက်သတင်းများအရ သိရသည်။

နာဆာ၏ စတားလင့်ခ်မစ်ရှင်တွင် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း၌ နေရာယူထားသော ကျူဆက်ဂြိုဟ်တုငယ် လေးစင်းဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုလေးစင်းတို့သည် ဩဂုတ် ၂၃ ရက်တွင် FAL-CON အမည်ရှိ ဂျီပီအက်စ်မလိုအပ်သည့် တည်နေရာနှင့်လမ်းကြောင်းပြစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

FALCON စနစ်သည် ဂျီပီအက်စ်စနစ်မရနိုင်သည့် အာကာသနယ်မြေများ၌ အခြားဂြိုဟ်တုများကိုအသုံးပြု၍ တည်နေရာနှင့်လမ်းကြောင်းကို ရှာဖွေနိုင်သည့်စနစ်ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် FALCON စနစ်သည် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များအတွက် တည်နေရာနှင့် လမ်းကြောင်းရှာဖွေရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

စတားလင့်မစ်ရှင်ဂြိုဟ်တုများသည် ကမ္ဘာမြေပြင်အထက် မိုင် ၃၅၀ အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ FALCON တည်နေရာနှင့် လမ်းကြောင်းရှာစနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

# အီး-စီးကရက်သောက်သုံးသူလူငယ်များ၌ အဆုတ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးပြဿနာနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်နိုင်ခြေမြင့်မား

လန်ဒန် ဩဂုတ် ၂၈

အီး-စီးကရက်သောက်သုံးသူလူငယ်များသည် အဆုတ်ကျန်းမာရေးပြဿနာ၊ စိတ်ကျန်းမာရေးပြဿနာနှင့် အခြားကျန်းမာရေးပြဿနာ ဖြစ်ပေါ်နိုင်ခြေ မြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကလေးနှင့်လူငယ်များ အီး-စီးကရက် သောက်သုံးမှု၏ ကျန်းမာရေးနှင့် လူမှုရေးအကျိုးဆက်များကို လေ့လာထားသည့် လေ့လာချက်စစ်တမ်းပေါင်း ၈၁ ခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အီး-စီးကရက်သောက်သုံးမှုကြောင့် ကလေးနှင့်လူငယ်များ၌ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများအပြင် စိတ်ကျဝေဒနာကဲ့သို့သော စိတ်ကျန်းမာရေး ပြဿနာများ ဝင်ရောက်လာတတ်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အီး-စီးကရက်သောက်သုံးသူ ကလေးများတွင် မျက်လုံးပြဿနာများပေါ်လာနိုင်ခြေ၊ အိပ်စက်မှုဆိုင်ရာပြဿနာများ ပေါ်လာနိုင်ခြေ မြင့်မားလာမှုတို့နှင့်လည်း ဆက်စပ်နေကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အီး-စီးကရက် သောက်သုံးမှုသည် ဆေးလိပ် သောက်ခြင်းထက်ပင် ကလေးများအတွက် အန္တရာယ်ပိုရှိနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO


# ရှန်ယန်စက်ရုပ်နည်းပညာအင်စတီကျူက ငါးလိပ်ကျောက်တစ်ကောင်ကဲ့သို့ ရေကူးသွားလာနိုင်သည့် စက်ရုပ်ငယ်တစ်မျိုးကို အောင်မြင်စွာတည်ဆောက်ထား

ပေကျင်း ဩဂုတ် ၂၈

တရုတ်သိပ္ပံ အကယ်ဒမီလက်အောက်ခံ ရှန်ယန်စက်ရုပ်နည်းပညာ အင်စတီကျူသည် ငါးလိပ်ကျောက်တစ်ကောင်ကဲ့သို့ ရေကူးသွားလာနိုင်သည့် စက်ရုပ်ငယ်တစ်မျိုးကို အောင်မြင်စွာ တည်ဆောက်ထားကြောင်း ဩဂုတ် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါစက်ရုပ်ငယ်၏ထူးခြားချက်မှာ သက်ရှိဖားတစ်ကောင်၏ ကြွက်သားများကို ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

၎င်းစက်ရုပ်ငယ်သည် ရေထဲ၌ သွားလာ လှုပ်ရှားနိုင်ရေးအတွက် ဝိုင်ယာကြိုးစနစ်နှင့် ဘက်ထရီများ မလိုအပ်ဘဲ အနီအောက်ရောင်ခြည်များဖြင့် စက်ရုပ်တွင်တပ်ဆင်ထားသော နေစွမ်းအင်ပြားများကို စွမ်းအင်ဖြည့်ဆည်းပေးခြင်းဖြင့် လှုပ်ရှား သွားလာနိုင်ခြင်းဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် အဆိုပါ စက်ရုပ်ငယ် လှုပ်ရှားသွားလာနိုင်ရေးအတွက် သက်ရှိဖားတစ်ကောင်၏ ကြွက်သားတစ်ရှူးများ ထည့်သွင်းတည်ဆောက်ထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းစက်ရုပ်ငယ်သည် တစ်စက္ကန့်လျှင် ၂ ဒသမ ၇ စင်တီမီတာနှုန်းဖြင့် ရေထဲတွင် သွားလာလှုပ်ရှားနိုင်ပြီး ၁၇ စက္ကန့်အတွင်း ကိုယ်ခန္ဓာကို တစ်ပတ်လှည့်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါစက်ရုပ်သည် အလင်းရောင်ဖြင့်ထိန်းချုပ်သော ယန္တရားစနစ်တွင် သဘာဝကြွက်သားများ ထည့်သွင်း တည်ဆောက်ထားသည့် ပထမဆုံး စက်ရုပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ဗီတာမင်-ဒီ ဖြည့်စွက်ဆေးများသုံးစွဲပါက ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်

နယူးယောက် ဩဂုတ် ၂၈

လူသန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့် ဗီတာမင်ဖြည့်စွက်ဆေးသည် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြောင်းသုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ဩဂုတ် ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်-ဒီ ဖြည့်စွက်ဆေးများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ ဖြစ်ပွားခါစလူနာများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်နှင့် အပျော့စားတွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးမှုနှင့် အိပ်စက်ပုံမှုမမှန်မှု ပြဿနာရှိနေသူများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အပျော့စား တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ထိခိုက်ပျက်စီးမှု (MCI) နှင့် အိပ်စက်မှုပုံစံဖောက်ပြန်မှုပြဿနာတို့သည် အယ်ဇိုင်းမားရောဂါ၏ အဓိကနောက်ခံအကြောင်းတရားများ ဖြစ်ကြကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၀ နှင့် အထက် လူပေါင်း ၅၄ ဦးတို့ကို ဗီတာမင်-ဒီ ဖြည့်စွက်ဆေးများ တိုက်ကျွေး၍ လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ကြပြီး စမ်းသပ်မှုရလဒ်များအရ ဗီတာမင်-ဒီ ဖြည့်စွက်ဆေး သုံးစွဲသူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပို၍ ကောင်းမွန်ထက်မြက်လာသည်ဟု သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# မျိုးဆက်သစ် Starship ဒုံးပျံများ ပုံမှန်လွှတ်တင်နိုင်ချိန်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံများကိုအနားပေးရန် စပေ့အိတ်ကုမ္ပဏီ စီစဉ်

ဝါရှင်တန် ဩဂုတ် ၂၈

မျိုးဆက်သစ် Starship ဒုံးပျံများ ပုံမှန်လွှတ်တင်နိုင်ချိန်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံများကို အနားပေးရန် အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၂၇ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံများကို ၂၀၁၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ပြီး ယနေ့အချိန်ထိ ကြိမ်ရေ ၇၀၀ ခန့် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဖယ်လ်ကွန်-၉ ဒုံးပျံများသည် ပထမအဆင့် ပင်မဒုံးယာဉ်ကို ပြန်လည်ရယူအသုံးပြုနိုင်သည့် ပထမဆုံး ဒုံးပျံလည်းဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ မစ်ရှင်အရေအတွက်မှာ ကမ္ဘာပေါ်၌ ကြိမ်ရေအများဆုံး လွှတ်တင်ခဲ့သော ရုရှား၏ ဆိုယုဇ်ဒုံးပျံမစ်ရှင် အရေအတွက်ကို လာမည့်နှစ်အတွင်း ကျော်ဖြတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Starship ဒုံးပျံသစ်များကို ပုံမှန်လွှတ်တင်နိုင်ချိန်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံများကို အနားပေးရန် ရည်ရွယ်ထားသည်ဟု စပေ့အိတ်ကုမ္ပဏီ အကြီးအကဲ အီလွန်မက်စ်က ပြောကြားထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၈ ခုနှစ်မှစ၍ ဖယ်လ်ကွန်-၉ ဒုံးပျံလွှတ်တင်မှုများကို စတင်လျှော့ချဖွယ်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် အနားပေးဖွယ် ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲကို မြန်မာယူ-၁၇အသင်း ဝင်ရောက်ကစားမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာယူ-၁၇ အသင်းသည် လာမည့် အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ကစားမည်ဟု ယနေ့တွင်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

ဂျပန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ယူ-၁၇ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ၁၉၉၇ ခုနှစ် ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဂျပန်အသင်းနှင့်အတူ အခြားနိုင်ငံများမှ အသင်းများကို ဖိတ်ကြားပြီး ကျင်းပခဲ့ကာ လာမည့်ပြိုင်ပွဲကို ၂၈ ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။


ဂျပန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဂျပန် ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာယူ-၁၇ အသင်း ဝင်ရောက်ကစားရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ ဖိတ်ကြားခဲ့ပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း အာရှယူ-၁၇ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဂျပန်နိုင်ငံ နီဂါတာမြို့တွင် လာမည့်စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဂျပန်ယူ-၁၇ အသင်းနှင့်အတူ နယူးဇီလန်ယူ-၁၇ သင်း၊ နီဂါတာယူ-၁၇အသင်း၊ မြန်မာယူ-၁၇ အသင်းတို့ ပါဝင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၇ အသင်းအနေဖြင့် ဂျပန်ဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် လာမည့် စက်တင်ဘာ ၁၇ ရက်တွင် ဂျပန်ယူ-၁၇ အသင်း၊ စက်တင်ဘာ ၁၉ ရက်တွင် နယူးဇီလန် ယူ-၁၇ အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် နီဂါတာ ယူ-၁၇ အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်းသိရသည်။

STA

## ၂၀၂၆-၂၀၂၇ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ရတနာပုံအက်ဖ်စီအသင်း အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့်မြဝတီအက်ဖ်စီအသင်းတို့သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲကို ယနေ့တွင် စတင်ကျင်းပခဲ့ပြီး ပွဲစဉ်(၁)တွင် ရတနာပုံအက်ဖ်စီအသင်းက အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီမှစတင်ကာ ပြိုင်ပွဲအမည်ပြောင်းလဲပြီး မြန်မာလိဂ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် အောင်ကျော်အေးနှင့် ပွဲချိန် ၆၃မိနစ်တွင် ဂျာအိုဗစ်တာတို့က သွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် မက်ခ်ဒက်ဘီက သွင်းယူခဲ့သည်။

ထို့ပြင် ညနေ ၃နာရီခွဲက သီဟဒီပအားကစားကွင်းတွင်သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၄၅ မိနစ်ပြည့်ပြီးအချိန်ပို နှစ်မိနစ်တို့တွင် စိုးသက်မောင်က သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် စောမျိုးဇော်နှင့် ပွဲချိန် ၃၈ မိနစ်တွင် ပြည့်စုံအောင်တို့က သွင်းယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## နေမာ၏ငွေကြေးပံ့ပိုးမှုများကြောင့် ဆန်းတို့စ်အသင်း အပြောင်းအရွှေ့ပိတ်ပင်ခံထားရမှုမှ ကင်းလွတ်ခွင့်ရ



ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၈

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းသည် ငွေကြေးပိုင်းအကျပ်အတည်းကြောင့် အပြောင်းအရွှေ့ကာလတွင်ကစားသမားအပြောင်းအရွှေ့လုပ်ဆောင်ခွင့် ပိတ်ပင်ခံထားရသော်လည်း အသင်းတိုက်စစ်ကစားသမား နေမာ၏ ငွေကြေး ပံ့ပိုးမှုများကြောင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်းတို့စ်အသင်းသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မိုနာကိုအသင်းမှ လူးကပ်စ်ကိုခေါ်ယူခဲ့ရာ ကြွေးမြီ စတာလင်ပေါင် ၁ ဒသမ ၇ သန်း ပေးချေနိုင်ခြင်းမရှိသည့်အတွက် မိုနာကိုအသင်းက ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်ထံတိုင်ကြားခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆန်းတို့စ်အသင်းကို မိုနာကိုအသင်းထံပေးချေရမည့် စတာလင်ပေါင် ၁ ဒသမ ၇ သန်းပေးချေခြင်းမရှိပါက ကစားသမားအပြောင်းအရွှေ့ လုပ်ဆောင်ခွင့်ပိတ်ပင်ထားခြင်းဖြစ်သည်။

ဆန်းတို့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘရာဇီးလိဂ်ပြိုင်ပွဲမှ တန်းမဆင်းရရန်ရုန်းကန်နေရပြီး ကစားသမားခေါ်ယူခွင့်ပိတ်ပင် ခံထားရသည့်အတွက် ခက်ခဲနေချိန်တွင် နေမာကပံ့ပိုးငွေစတာလင်ပေါင် ၁ ဒသမ ၇သန်း ပေးခဲ့သည့်အတွက် မိုနာကိုအသင်းထံ ပေးရန်ကျန်ရှိနေသည့် ကြွေးမြီကို ပေးဆောင်ခဲ့ပြီးနောက် ကစားသမား ခေါ်ယူခွင့်ပိတ်ပင်ခံထားရသည့် ပြစ်ဒဏ်မှ ကင်းလွတ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

Ref : Fotmob

Trs : STA

## ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအတွက် မဲခွဲမှုအပြီး ပရီးမီးယားလိဂ်ကလပ်အသင်းများ ရှုံးထွက်အဆင့်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိ

ဖူးရစ် ဩဂုတ် ၂၈

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များ မဲခွဲမှုကို ယနေ့တွင် ပြုလုပ်ခဲ့ရာ ပရီးမီးယားလိဂ် ကလပ်အသင်းများ ရှုံးထွက်အဆင့်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်ကဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ ပြိုင်ပွဲပုံစံ ပြောင်းလဲကျင်းပမှုများအရ ပြိုင်ပွဲဝင်အသင်းများအားလုံး အိမ်ကွင်းတွင် လေးပွဲ၊ အဝေးကွင်းတွင် လေးပွဲ စုစုပေါင်း အုပ်စုပွဲစဉ် ရှစ်ပွဲစီ ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်မဲခွဲမှုအပြီးတွင် အာဆင်နယ်အသင်းသည် အိမ်ကွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း၊ ဒေါ့မွန်အသင်း၊ လိုင်လီအသင်း၊ ဆာဘာတ်အသင်း၊ အဝေးကွင်းတွင်ဘိုင်ယန်မြူးနစ်အသင်း၊ ဆလားဗီးယားပရပ်အသင်း၊ နာပိုလီအသင်း၊ ဘက်တစ်အသင်း၊ မန်စီးတီးအသင်းသည် အိမ်ကွင်းတွင် ပီအက်စ်ဂျီအသင်း၊ စပို့တင်း လစ္စဘွန်းအသင်း၊ နာပိုလီအသင်း၊ အေအီးကေအေ အသင်း၊ အဝေးကွင်းတွင် လိုက်ပ်ဇစ်အသင်း၊ လန်းစ်အသင်း၊ ပေါ်တိုအသင်း၊ ဘာစီလိုနာအသင်း၊ မန်ယူအသင်းသည်အိမ်ကွင်းတွင် ဘိုင်ယန်မြူးနစ်အသင်း၊ရိုးမားအသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဆာဘာတ်အသင်း၊ အဝေးကွင်းတွင် ဗီလာရီးရဲလ်အသင်း၊ စပို့တင်းလစ္စဘွန်းအသင်း၊ ကိုမိုအသင်း၊ အေတီကိုအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အလားတူ အေဗီလာအသင်းသည် အိမ်ကွင်းတွင် ပီအက်စ်ဂျီအသင်း၊ ဒေါ့မွန်အသင်း၊ ဖီနာဘာချီအသင်း၊ ဗိုက်ကင်းအသင်း၊ အဝေးကွင်းတွင် ဘာရှဂျက်အသင်း၊ ဂါလာတာစာရေးအသင်း၊ စပါတာပရပ်အသင်း၊ လီဗာပူးအသင်းသည် အိမ်ကွင်းတွင် အေတီကိုအသင်း၊ ဗီလာရီးရဲလ်အသင်း၊ လန်းစ်အသင်း၊ ပေါ်တိုအသင်း၊ အဝေးကွင်းတွင် ဘာရှဂျက်အသင်း၊ ဖီနာဘာချီအသင်း၊ အင်တာမီလန်အသင်း၊ လက်စ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့်စက်တင်ဘာ ၉ ရက်မှစတင်ပြီး ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် အင်္ဂလန်ထိပ်တန်းစနူကာကစားသမား ဆူလီဗန် ဆီမီးဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရ



ဝူဟန် ဩဂုတ် ၂၈

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပနေသည့် ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့တွင် တရုတ်စနူကာကစားသမား ချန်းဘန်ဂူနှင့် အင်္ဂလန်ထိပ်တန်း စနူကာကစားသမား ဆူလီဗန်တို့ကစားခဲ့ရာ ဆူလီဗန်က ရှုံးနိမ့်ခဲ့ပြီး ဆီမီးဖိုင်နယ် အဆင့်မှထွက်ခွာခဲ့ရကြောင်း Cue Nation သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲသည် စနူကာကစားသမားများအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်သတ်မှတ်ရာတွင် ရမှတ်များစွာရယူနိုင်သည့် ပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းမှ ထိပ်တန်း ကစားသမားအများစု ဝင်ရောက် ကစားနေခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် ဆူလီဗန်သည် ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသား ထိပ်တန်းကစားသမား တစ်ဦးဖြစ်သည့် ဆဲလ်ဘိုင်ကို (၅-၃) ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ပုံမှန်လက်စွမ်းအောက် ကျရောက်နေခဲ့ပြီး အိမ်ရှင်တရုတ်ကစားသမားချန်းဘန်ဂူကို(၆-၃) ရလဒ်ဖြင့်ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချန်းဘန်ဂူသည် တရုတ်ကစားသမားများဖြစ်သည့် ဂူယိုဒွန်းနှင့် ဇီတောင်းတို့မှ အနိုင်ရမည့်သူနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်းသိရသည်။

Ref : Cue Nation

Trs : STA

# အင်ဒိုနီးရှားနိုင်ငံတွင် လာကီလာကီမီးတောင်ပေါက်ကွဲပြီး ပြာမှုန်များ ပျံ့နှံ့နေသဖြင့် လေထုညစ်ညမ်းနေ



ဂျကာတာ ဩဂုတ် ၂၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ လာကီလာကီမီးတောင်သည် ယနေ့နံနက်ပိုင်းတွင် ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာမှုန်များသည် မီးတောင်ထိပ်အထက် တစ်ကီလိုမီတာခန့်ထိ ပျံ့နှံ့နေသဖြင့် မီးတောင်ဝန်းကျင်တွင် လေထုညစ်ညမ်းနေကြောင်း သိရသည်။

အဆိုပါမီးတောင်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုမှာ ၆ မိနစ်နှင့် ၄ စက္ကန့်ခန့် ကြာမြင့်ခဲ့ကြောင်း အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုအတွင်း မီးတောင် ပြာမှုန်များသည် အနောက် တောင်ဘက်နှင့် အနောက်ဘက်သို့ ပျံ့နှံ့ခဲ့ကြောင်း၊ လက်ရှိတွင် လာကီလာကီမီးတောင်ကို သတိပေးချက်ထုတ်ထားပြီး မီးတောင်ပေါက်ကွဲရာဗဟိုချက်မှ ငါးကီလိုမီတာအတွင်း ဒေသခံများနှင့် ခရီးသွားများ ဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားကြောင်း သိရသည်။

မီးတောင်ပြာမှုန်များကြောင့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် မီးတောင်အနီး နေထိုင်သူများ အနေဖြင့် မက်စ်တပ်ဆင်ထားရန်၊ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် မီးတောင်မှ မီးတောင်ရွှံ့ရည်စီးဆင်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် သတိထားရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ပီရူးနိုင်ငံတွင် မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေ

လီမာ ဩဂုတ် ၂၈

ပီရူးနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၁ ဒသမ ၂ သန်းခန့်သည် လက်ရှိတွင် မိုးခေါင်ရေရှားမှု အန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး အယ်နီညိုရာသီဥတုသည် နိုဝင်ဘာလတွင် ပိုမိုပြင်းထန်လာဖွယ်ရှိကြောင်း အမျိုးသားအရပ်ဘက်ကာကွယ်ရေး အင်စတီကျုမှ အကြီးအကဲ လူးဝစ်ဗက်ဇ်ကွက်ဇ်က ပြောကြားခဲ့သည်။

အယ်နီညိုရာသီဥတုကြောင့် အထိခိုက်လွယ်ဆုံး ဒေသများတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် မြောက်ပိုင်းပြည်နယ်များ ပါဝင်သောကြောင့် စိုက်ပျိုးရေးနှင့် စီးပွားရေးကဏ္ဍများ ထိခိုက်ဆုံးရှုံးနိုင်ခြေအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အယ်နီညိုရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာမျက်နှာပြင်ကို ပူနွေးစေပြီး ဒေသအလိုက် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးခေါင်ရေရှားမှုများကိုပါ ဖြစ်ပေါ်စေနိုင်သည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ကာ ငါးဖမ်းလုပ်ငန်းကိုပါ ထိခိုက်စေကြောင်း သိရသည်။

အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် နိုင်ငံ၏ကမ်းရိုးတန်းတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ တောင်ပိုင်းဒေသများတွင်လည်း မိုးခေါင်ရေရှားမှုဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံအစိုးရက ထိခိုက်နိုင်ခြေရှိသည့် ဒေသများတွင် ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# နီပေါနှင့် တရုတ်နိုင်ငံနယ်စပ်တွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၅၄၇ ဦးထိ မြင့်တက်လာပြီး လူဦးရေ ၉၀၀ ကျော် ပျောက်ဆုံး

ခတ္တမန္ဒူ ဩဂုတ် ၂၈

နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၅၄၇ ဦးထိ မြင့်တက်လာပြီး လူဦးရေ ၉၀၀ ကျော် ပျောက်ဆုံးနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ကယ်ဆယ်ရေးသမားများသည် ဩဂုတ် ၂၇ ရက်ကတည်းက ဟိမဝန္တာတောင်တန်းဒေသရှိ ချိုင့်ဝှမ်းများနှင့် တောင်စောင်းများ၌ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြောင်း၊ ရေခဲမြစ်အရည်ပျော်ကျမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အဆိုပါရေကြီးရေလျှံမှုသည် ဟိမဝန္တာတောင်တန်းရှိ မြစ်များအတွင်းသို့ စီးဝင်ကာ ကျေးရွာများနှင့် အရေးပါသည့် အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံ၏ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ရေကြီးရေလျှံမှုဖြစ်ပွားရာ ဒေသရှိ ဘိုတီကိုရှီမြစ်ကို အပျက်အစီးများက ပိတ်ဆို့ထားသဖြင့် ရေမျက်နှာပြင် မြင့်တက်လာကာ မြစ်ကမ်းပါးပြိုနိုင်သည့် အန္တရာယ်ရှိနေကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင်လည်း လာမည့်သုံးရက်အတွင်း ရေကုဗမီတာ သုံးသန်းခန့်သည် မြစ်ချောင်းများအတွင်းသို့ စီးဝင်လာနိုင်ကြောင်း၊ စက်တင်ဘာ ၁ ရက်တွင် ထပ်မံမိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး မြစ်ကမ်းပါးပြိုနိုင်သည့် အန္တရာယ်မြင့်မားနေကြောင်း သိရသည်။



နှစ်နိုင်ငံ အာဏာပိုင်များသည် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန်နှင့် ရေကြီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ကာ ပိတ်မိနေသူများကို အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် ရဟတ်ယာဉ်များ အသုံးပြုနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# မြောက်အတ္တလန္တိတ် ရိုက်ဝေလငါးမျိုးစိတ် ကောင်ရေ ၃၈၀ ခန့်သာ ကျန်ရှိသဖြင့် မျိုးသုဉ်းလုနီးပါးဖြစ်လာ

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် ကျက်စားသော မြောက်အတ္တလန္တိတ် ရိုက်ဝေလငါးမျိုးစိတ် ကောင်ရေ ၃၈၀ ခန့်သာကျန်ရှိသဖြင့် မျိုးသုဉ်းလုနီးပါးဖြစ်လာကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (NOAA) ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

မြောက်အတ္တလန္တိတ် ရိုက်ဝေလငါးမျိုးစိတ်သည် ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုနီးပါးဖြစ်နေသော ရှားပါးဝေလငါးမျိုးစိတ်ဖြစ်ကြောင်း၊ အဆိုပါဝေလငါးမျိုးစိတ်သည် ယခင်က ဝေလငါး တရားမဝင်ဖမ်းဆီးမှုများကြောင့် ကောင်ရေအလွန်အမင်း ကျဆင်းခဲ့ကြောင်း၊ လက်ရှိ ဝေလငါးဖမ်းဆီးမှုမပြုလုပ်တော့သည့် နောက်ပိုင်းတွင်လည်း မူလကောင်ရေအဆင့်သို့ ပြန်လည်ရောက်ရှိနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်က မြောက်အတ္တလန္တိတ် ရိုက်ဝေလငါးကောင်ရေ ၃၆၀ ခန့်ရှိပြီး၂၀၂၅ ခုနှစ်တွင် ကောင်ရေ ၃၉၀ ခန့်ရှိကြောင်း၊ လက်ရှိတွင်မူ ကောင်ရေအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါဝေလငါးများ မျိုးသုဉ်းလုနီးပါးဖြစ်လာရသည့် အဓိကအကြောင်းရင်းများမှာ ငါးဖမ်းပိုက်ကြိုးများနှင့် ငြိပြီးသေဆုံးခြင်း၊ သင်္ဘောများနှင့် တိုက်မိကာ ဒဏ်ရာရ သေဆုံးခြင်းတို့အပြင် သမုဒ္ဒရာအပူချိန်နှင့် ပတ်ဝန်းကျင်အခြေအနေများ ပြောင်းလဲလာခြင်း၊ ၎င်းတို့အဓိက စားသုံးသည့်အစာများ ရှားပါးလာခြင်းနှင့် ဝေလငါးများ၏ ရွှေ့ပြောင်းသွားလာရာ လမ်းကြောင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ ဝေလငါးမျိုးစိတ်များ မျိုးသုဉ်းမှုမှ ကာကွယ်ရန် သင်္ဘောများ၏ အမြန်နှုန်းလျှော့ချခြင်း၊ ငါးဖမ်းကိရိယာများတွင် ငြိကပ်မှုလျှော့ချနိုင်သည့် နည်းပညာများ အသုံးပြုခြင်းနှင့် ဝေလငါးများ၏ ရွှေ့ပြောင်းသွားလာမှု စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တိုင်ဖွန်းမုန်တိုင်းဆော်ဒဲ တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်

ပေကျင်း ဩဂုတ် ၂၈

တိုင်ဖွန်းမုန်တိုင်း ဆော်ဒဲ တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ယခုနှစ်၏ ၁၈ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်ပြီး ယနေ့တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ကမ်းရိုးတန်း တစ်လျှောက်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကာ မုန်တိုင်းဗဟိုအနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းတစ်စက္ကန့်လျှင် ၃၅ မီတာထိ တိုက်ခတ်ခဲ့ကြောင်း ပြည်နယ်မိုးလေဝသစောင့်ကြည့်ရေးဌာနက ထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဆော်ဒဲသည် ကျဲ့ကျန်းပြည်နယ် ယူဟွမ်မြို့ ကမ်းရိုးတန်း တစ်လျှောက်သို့ ယနေ့နံနက် ၈ နာရီ ၅ မိနစ်ခန့်က စတင်တိုက်ခတ်ခဲ့ပြီးနောက် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တိုင်ဖွန်းမုန်တိုင်း တိုင်ဖွန်းမုန်တိုင်းဆော်ဒဲ၏ သက်ရောက်မှုကြောင့် မိုးသည်း ထန်စွာရွာသွန်းမှုများနှင့် လေပြင်း တိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ရန် ကျဲ့ကျန်းပြည်နယ် အာဏာပိုင် များက သတိပေးထားကြောင်း၊ အဆိုပါ တိုင်ဖွန်းမုန်တိုင်းနှင့် ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်မှု အဆင့်(၁)အဖြစ် သတ်မှတ်ထား ကြောင်း သိရသည်။

ဆော်ဒဲ တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် များကို လျှော့ချနိုင်ရန် ပင်လယ်ပြင်အတွင်း သင်္ဘောများနှင့် လှေများ သွားလာခြင်းမပြုကြရန်နှင့် မုန်တိုင်းသက်ရောက်နိုင်သည့် ကမ်းရိုးတန်း ဒေသများတွင် အာဏာပိုင်များက လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ထား ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်ကိုယ်စီလုပ်ကြစို့

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်တစ်ရပ်သည် အဓိကကျသော ကျောရိုးတစ်ခုအဖြစ် ပါဝင်နေသည်။ လူ့စွမ်းအားအရင်းအမြစ် အပြည့်အဝ လည်ပတ်နိုင်ရေးနှင့် လူသားတစ်ဦးချင်းစီ၏ ဘဝရပ်တည်ရှင်သန်ရေးအတွက် အလုပ်အကိုင်ရရှိရေးသည် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်သည်။ နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိပိုင်ဆိုင်ခြင်းဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးယန္တရားများကိုလည်း ဟန်ချက်ညီညီ လည်ပတ်နိုင်စွမ်းရှိစေသည်။ ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ပြောင်းလဲနေပြီး ပြောင်းလဲမှုတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ မပါမဖြစ်ပါဝင်လာသည်ကို တွေ့ရှိရသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုစီးပွားဘဝပြည့်စုံရေး ဦးတည်ဆောင်ရွက်ရာတွင် စွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိဉာဏ်ပညာနှင့် ကြိုးစားဆောင်ရွက်မှုကို ဖြစ်စေသော လေ့ကျင့်သင်ကြားပေးမှုကို အခြေခံထား ဆောင်ရွက်ရလေ့ရှိသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍနယ်ပယ်အသီးသီးတွင် လူသားအရင်းအမြစ်ကို ကောင်းစွာအသုံးချရေးမှာ လွန်စွာအရေးကြီးလှသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုကဏ္ဍများကို ဦးဆောင်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို ကောင်းစွာအသုံးချ၍ အနာဂတ်ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

လူတိုင်း စားဝတ်နေရေးပြေလည်ရေး၊ မိသားစုဘဝ အဆင်ပြေချောမွေ့စွာ ထောက်ပံ့ပေးကမ်းနိုင်ရေးအတွက် နေ့စဉ်ဘဝတွင် အလုပ်လုပ်ကိုင်ကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံသားတိုင်း အလုပ်လုပ်ကိုင်ဆောင်ရွက်ကြရာတွင် တူညီသော အခွင့်အလမ်းများရရှိစေနိုင်မည့် ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုပေးထားသည်။ ကျား၊ မ မခွဲခြားဘဲ လူမျိုး၊ ဘာသာ၊ ကိုးကွယ်ရာ ခွဲခြားဆက်ဆံမှုများ ကင်းရှင်းစွာဖြင့် အရည်အချင်းနှင့် ကိုက်ညီသော အလုပ်အကိုင်များကို လွတ်လပ်စွာ ရွေးချယ်လုပ်ကိုင်နိုင်ပေသည်။

နိုင်ငံသားတစ်ယောက်အနေဖြင့် ပုံမှန်ဝင်ငွေရှိပါက စားဝတ်နေရေးပြဿနာကို ဖြေရှင်းသွားနိုင်သဖြင့် ဘဝလုံခြုံမှုရရှိသည်ဟုပင်သတ်မှတ်နိုင်သည်။ လူ့ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်သူ တစ်ဦးချင်းစီ၏ အရည်အချင်းများက မှတ်ကျောက်ကိုယ်စီ ဖော်ပြထားရှိသည်။ ဂုဏ်သိက္ခာနှင့် ဘဝတန်ဖိုးအဖြစ်လည်း သတ်မှတ်ကြသည်။ လုပ်ငန်းခွင်နှင့် ယှဉ်ပါးရာမှ ဆက်စပ်တွေးခေါ်နိုင်စွမ်း တိုးတက်ပြီး လုပ်ငန်းကျွမ်းကျင်မှုများလည်း တိုးတက်ရရှိလာစေသည်။ သက်ဆိုင်ရာအလုပ်အပေါ် စိတ်ဝင်စားစွာ လုပ်ကိုင်သဖြင့် စိတ်တည်ငြိမ်မှုကိုလည်း ဖြစ်စေသည်။ အလားတူ နေ့စဉ်ဘဝ အလုပ်မှဝင်ငွေရရှိသဖြင့် အကျင့်စာရိတ္တပိုင်း ချို့ယွင်းအားနည်းမှုမရှိဘဲ လူနေမှုအဆင့်အတန်းများလည်း တိုးတက်စေနိုင်သည်။

ဓွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ခြင်းသည် လူတစ်ဦး၏ အမြင့်မားဆုံး ဂုဏ်သိက္ခာပင်ဖြစ်သည်။ လူတိုင်း မိမိအလုပ်ကို တန်ဖိုးထားရမည်ဖြစ်သည်။ အလုပ်တာဝန်ကို ဝတ္တရားသက်သက် လုပ်ကိုင်ခြင်းမပြုဘဲ စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ အလုပ်အပေါ် စေတနာထားဆောင်ရွက်ရန်ဖြစ်သည်။ ပေးအပ်သည့်တာဝန်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်း၊ အလုပ်အပေါ် သစ္စာရှိခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းပင်ဖြစ်သည်။ မည်သည့်အလုပ်မဆို ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် ရိုးသားကြိုးစားမှုသည် လွန်စွာအဓိကကျသည်။ လုပ်ငန်းခွင် အခက်အခဲနှင့် စိန်ခေါ်မှုများကို မလျှော့သောစိတ်ဓာတ်ဖြင့် တွန်းလှန်ကြရမည်ဖြစ်သည်။ အလွယ်တကူ အရှုံးမပေးတတ်သည့် စိတ်သည် အလုပ်တစ်ခု အောင်မြင်ပြီးမြောက်စေရန် အထောက်အကူပြုသည်။ အလုပ်ကြိုးစားသူ၊ ဖြောင့်မတ်မှန်ကန်သူများသည် လုပ်ငန်းခွင်ရေရှည်တည်တံ့ရေးနှင့် လူအများ၏ ယုံကြည်အားကိုးမှု ရရှိစေနိုင်မည်ဖြစ်သည်။

**❖ ဓွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ခြင်းသည် လူတစ်ဦး၏ အမြင့်မားဆုံး ဂုဏ်သိက္ခာပင်ဖြစ်သည်။ လူတိုင်း မိမိအလုပ်ကို တန်ဖိုးထားရမည်ဖြစ်သည်။ အလုပ်တာဝန်ကို ဝတ္တရားသက်သက် လုပ်ကိုင်ခြင်းမပြုဘဲ စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ အလုပ်အပေါ် စေတနာထားဆောင်ရွက်ရမည်ဖြစ်သည်။ ပေးအပ်သည့်တာဝန်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်း၊ အလုပ်အပေါ် သစ္စာရှိခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းပင်ဖြစ်သည်။ ❖**

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်းသည် အစိုးရ၏ မူဝါဒနှင့်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့်အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု စိတ်စေတနာ အရင်းအနှီးနှင့် အလုပ်လုပ်ကိုင်မှုအပေါ်တွင် မူတည်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အခြေပြုသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သည် လယ်ယာလုပ်ငန်းခွင်မှ အဆင့်မြင့်ကုန်ချော ထုတ်လုပ်နိုင်သည်ထိ ကျယ်ပြန့်သောလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ လူတစ်ဦးချင်းစီသည် ကျွမ်းကျင်ရာ၊ ဝါသနာပါရာ လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်၍ နိုင်ငံ၏ ကုန်ထုတ်လုပ်ရေးအခန်းကဏ္ဍများတွင် တက်ကြွစွာ ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားများ မုချမသွေ မြင့်မားတိုးတက်လာရမည်ဖြစ်သည်။

သို့ဖြစ်၍ တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ် ရေရှည်တည်တံ့ရေးအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးပေးရမည်ဖြစ်သည်။ အလုပ်ရှင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အသိအမြင်များမှာလည်း အရေးကြီးသည်။ နှစ်ဦးနှစ်ဖက် ချင့်ချိန်တွက်ဆမှုသည် အကျိုးမဲ့၊ အကျိုးဖြစ်ထွန်းသောလုပ်ရပ်ပင်ဖြစ်သည်။ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များဖန်တီးကြရာတွင် ပုံမှန်အလုပ်လုပ်ခွင့်ရှိသည့် အသက်အရွယ်ကို သတိပြု၍ ပြဋ္ဌာန်းဥပဒေအရသတ်မှတ်ထားသည့် အသက်ပြည့်မီမှသာ အလုပ်ခွင်ဝင်ရောက်ရန်ဖြစ်သည်။ သတ်မှတ်ထားသည့်အသက်အောက် ရောက်ရှိနေသည့် ငယ်ရွယ်သူများကို အလုပ်လုပ်ခွင့်မပေးဘဲ အလုပ်ခွင်စည်းကမ်းအတိုင်း တိတိကျကျလိုက်နာစေရမည်ဖြစ်သည်။ သို့တိုင် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရောက်ရှိနေသူတိုင်း အလုပ်လုပ်ကြရမည်ဖြစ်သည်။

နိုင်ငံတကာ စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများ အပြန်အလှန်ရင်းနှီးမြှုပ်နှံပါက ကုန်ထုတ်လုပ်မှုကဏ္ဍများပိုမိုတိုးတက်လာနိုင်ပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးအလားအလာကောင်းများ ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်။ တည်ငြိမ်မှုရှိသော ကုန်ထုတ်လုပ်မှု ဂေဟစနစ်တစ်ရပ် ကောင်းမွန်ရေး ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တရားဥပဒေစိုးမိုးမှုအပေါ်တွင် တည်မှီနေသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှု၊ သဟဇာတဖြစ်မှုသည် အပြန်အလှန်ပင် ကိုယ်စားပြုသည်။ နိုင်ငံတော်သည် လူမှုဘဝတည်ငြိမ်ရေးကို ထောက်ပံ့ပေးစွမ်းနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းနှင့် ရေရှည်တည်တံ့သော စီးပွားရေးအသိုက်အဝန်းတစ်ခု ပီပြင်စွာဖြစ်ပေါ်စေရေး တိုက်တွန်းအားပေးလျက်ရှိသည်။

နိုင်ငံတော်က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ အသုံးချလျက်ရှိရာ အဓိကအင်အားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏ အခွင့်အရေး အပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများပေးရေး၊ တတ်မြောက်ထားသည့် အတတ်ပညာ၊ အတွေ့အကြုံများကို ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်များတွင် အသုံးချနိုင်ရေး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးရေး၊ လူမှုဖူလုံရေးစနစ် အပြည့်အဝရရှိရေး စသည့်ကောင်းမြတ်သော ဦးတည်ချက်များ ဖော်ဆောင်ပေးခြင်းဖြင့်အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် စံချိန်မီထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အပြင် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းလျက် ဂုဏ်သိက္ခာရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ငန်းများ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့် လူတိုင်းအလုပ်လုပ်ကြရမည်ဖြစ်သည်။ အလုပ်တစ်ခုခု လုပ်ကိုင်ခြင်းဖြင့် ပျင်းရိမှုနှင့်ဝေးကွာစေသည်။ လူ့ပတ်ဝန်းကျင်အတွင်း သိက္ခာရှိသော ရပ်တည်နိုင်မှုနှင့် တာဝန်သိစိတ်ကို ဖြစ်ထွန်းစေသည်။ အလုပ်ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်အောင် ကြိုးစား၍ ခေတ်နှင့်အပြိုင်ပေါ်ထွက်လာသည့် နည်းပညာရပ်များနှင့် ဗဟုသုတများကို အမြဲတစေ လေ့လာသင်ယူကြရမည်ဖြစ်သည်။ လူတိုင်း မိမိအလုပ်ကို တန်ဖိုးထားလုပ်ဆောင်ရာတွင် တာဝန်ကိုဝတ်ကျေတမ်းကျေလုပ်ကိုင်ခြင်းမပြုဘဲ စိတ်ရင်းစေတနာထား ဆောင်ရွက်ရမည်ဖြစ်သည်။ အလုပ်အပေါ် စေတနာထားလျှင် အလုပ်ကလည်း ပြန်လည်အကျိုးပြုနိုင်သဖြင့် ပေးအပ်သည့်အလုပ်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်း၊ အလုပ်အပေါ် သစ္စာရှိခြင်း အစရှိသည့် အခြေခံကျင့်ဝတ်များကိုလိုက်နာပြီး နိုင်ငံအကျိုး၊ မိမိအကျိုးကို မျှော်ကိုးတွေးဆ ဆောင်ရွက်ရမည်ဖြစ်သည်။ မည်သည့်အလုပ်မဆို ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ရိုးသားကြိုးစားမှုသည် လွန်စွာအဓိကကျသည်။ အလုပ်လုပ်သူတိုင်း ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ လူတိုင်းအလုပ်လုပ်ခြင်းဖြင့် အလုပ်လက်မဲ့ဖြစ်ပွားနှုန်းလျှော့ချနိုင်ခြင်း၊ ဆင်းရဲမှုတိုက်ဖျက်နိုင်ခြင်း၊ လူမှုရေးပြဿနာများနှင့် ရာဇဝတ်မှုများ လျှော့ချသွားစေနိုင်ခြင်း ရလဒ်ကောင်းများရရှိစေသည့်အပြင် လူမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေကောင်းများကိုလည်း ဖြစ်ပေါ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# Ambassador of Thailand presents his Letter of Credence to President of the Republic of the Union of Myanmar U Min Aung Hlaing



**Thai Ambassador Mr. Tor Saralamba presents his Letter of Credence to President U Min Aung Hlaing.**

**Nay Pyi Taw August 28**

H.E. Mr. Tor Saralamba, who has been agreed to be appointed as the Ambassador Extraordinary and Plenipotentiary of Thailand to the Republic of the Union of Myanmar, presented his Letter of Credence to President of the Republic of the Union of Myanmar U Min Aung Hlaing at the Credentials Hall of the Presidential Palace Reception Hall in Nay Pyi Taw at 11 am today.

First, the Ambassador of Thailand arrived at the Honorary Hall of the Presidential Palace Reception Hall and saluted the national flags of the Republic of the Union of Myanmar and the Kingdom of Thailand. The Thai Ambassador took the salute from the Guard of Honour, which played the national anthems of the two countries.

Thai Ambassador H.E. Mr. Tor Saralamba presented his Letter of Credence to President U Min Aung Hlaing at the Presidential Palace Diplomatic Reception Hall.

At the meeting, they cordially discussed the strengthening good diplomatic relations, friendship and coopeation between Myanmar and Thailand, and the inseparable mutual understanding and trust-based neighbourly relations between Myanmar and Thailand, the prospects to enhance cooperation in trade and investment sectors between the two countries, the promotion of cooperation in efforts to develop the border trade and ensure security, peace and stability in border regions, the efforts of both countries to initiate multiparty democracy the people aspire to, plans to continuously beef up friendly ties and cooperation, and the exchange of State-level goodwill visits between Myanmar and Thailand

After the meeting, the President and the Thai Ambassador posed for a documentary group photo.

Also present at the ceremony were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, Director-General of the Protocol Department U Thet Tun, and the Thai Ambassador to Myanmar, his wife and officials.

Later, the Ambassador of Thailand to Myanmar signed the Guest Book at the Presidential Palace Reception Hall.

MNA

# Vice President U Nyo Saw receives delegation led by Thai Ambassador to Myanmar

**Nay Pyi Taw August 28**

Vice President U Nyo Saw received a delegation led by Thai Ambassador to Myanmar H.E. Mr. Tor Saralamba at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw this afternoon.

During the meeting, they warmly and openly exchanged views on the positive outcomes achieved for both countries and their peoples through bilateral discussions, business forums, and signed agreements and memorandums of understanding during the President's visit to Thailand, alongside political developments, national development initiatives, Myanmar-Thailand bilateral relations, and prospects for close cooperation in economics, trade, investment, and energy.

The meeting was attended by the Vice President alongside Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials, while the Thai Ambassador was accompanied by officials from the Royal Thai Embassy.

MNA



**Vice President U Nyo Saw receives Thai Ambassador to Myanmar Mr. Tor Saralamba.**

# Norway's King Harald V dies at 89, Crown Prince Haakon succeeds to throne

**Oslo August 28**

Norway's King Harald V died at the age of 89 early Friday, the Royal House of Norway said.

The king passed away peacefully at Oslo University Hospital Rikshospitalet at 6:35 a.m. local time (0435 GMT), according to a statement issued by the Royal House.

Under Norway's rules of succession, 53-year-old Crown Prince Haakon immediately succeeded to the throne and became the country's new king. His regnal name and motto have yet to be officially announced.

Harald was admitted to the hospital on Aug. 17. The Royal House previously said he had received cortisone treatment for hemolytic anemia in recent weeks, which caused fluid accumulation. During his hospitalization, he was also treated with antibiotics for a bacterial infection in his blood.

The Royal House said Thursday that Harald's health had deteriorated and his condition was "very serious."

Born on Feb. 21, 1937, Harald ascended to the throne on Jan. 17, 1991, following the death of his father, King Olav V. He had been hospitalized several times in recent years and received a permanent pacemaker in 2024.

Haakon was born on July 20, 1973. He had served as regent on multiple occasions when his father was ill or abroad. Haakon's eldest child, Princess Ingrid Alexandra, is now Norway's crown princess and the heir to the throne.

Xinhua

# Commander-in-Chief of Defence Services General Ye Win Oo attends choice of arms for cadets of the 69th Intake of Defence Services Academy and the 29th Intake of Defence Services Technological Academy



General Ye Win Oo attends the choice of arms for cadets of DSTA.

**Nay Pyi Taw August 28**

Commander-in-Chief of Defence Services General Ye Win Oo attended the choice of arms for cadets of the 69th Intake of Defence Services Academy and the 29th Intake of Defence Services Technological Academy held at the DSA and DSTA in PyinOoLwin this morning and afternoon.

Also present at the choice of arms together with the Commander-in-Chief of Defence Services were the Commander-in-Chief (Navy), the Commander-in-Chief (Air), senior military officers from the Office of the Commander-in-Chief, the Central Command commander, the commandants of DSA and DSTA, and officials.

The Commander-in-Chief and senior military officers interviewed the cadets individually, and scrutinized and chose appropriate corps of the Tatmadaw (Army, Navy and Air) for the cadets depending on their outstanding performance in academic studies and military science as well as technological subjects, and training year by year. They also tested the cadets' passion and effort, obedience to discipline and their natural bent.

Commander-in-Chief of Defence Services General Ye Win Oo and senior military officers had lunch together with cadets at the cadet mess hall of the Anawrahta Battalion in DSA and cordially greeted the cadets. 100

# Commander-in-Chief of Defence Services General Ye Win Oo visits patients at local defense services hospital, inspects construction of housing complexes for war veterans in Pyin Oo Lwin station



General Ye Win Oo comforts a patient at the local defence services hospital in Pyin Oo Lwin station.



General Ye Win Oo gives instructions during his inspection tour of the construction of housing for war veterans.

**Nay Pyi Taw August 28**

Commander-in-Chief of Defence Services, accompanied by senior officers from the Office of the Commander-in-Chief of Defence Services and the commander of Central Command, visited a local defence services hospital in Pyin Oo Lwin station in Mandalay Region this evening and spoke words of sympathy to officers, other ranks and members of the Myanmar Police Force and people's militias, who sustained injuries while carrying out state security and defense duties and were receiving treatments at the hospital.

First, the Commander-in-Chief of Defence Services and party arrived at the hospital and were welcomed by the commandant and responsible officials.

Then, the Commander-in-Chief of Defence Services visited officers, other ranks and members of the MPF and people's militia, who were receiving treatments at the hospitals, and asked about incidents that led to hospitalization, treatments and recovery of them one by one before speaking words of sympathy and giving foodstuffs and cash rewards to them.

Similarly, Daw Nilar, the wife of the Commander-in-Chief of Defence Services, and party visited the obstetrics and gyeacology ward and spoke words of encouragement to pregnant women and patients giving birth to children before presenting foodstuffs to them.

Moreover, the Commander-in-Chief of Defence Services and party inspected construction of housing complexes for war veterans in Pyin Oo Lwin.

First, the Commander-in-Chief of Defence Servies heard reports on expanded construction of housing complexes for war veterans in respective fiscal years, providing them to war veterans and their families and tasks being carried out submitted at the briefing hall of the site by the quartermaster general and the adjutant general.

After hearing the reports, the Commander-in-Chief of Defence Services gave instructions on timely completion of construction works, the needs to carry out supervision to meet standards, systematic construction of buildings to withstand natural disasters, systematic provision of completed housing complexes to war veterans and their families, preparations for basic foodstuffs, household equipment and furniture for apartments to enable war veterans and their families, who will move in, to lead convenient lives and other needs.

Then, the Commander-in-Chief of Defence Services and party inspected the provision of and preparations for basic foodstuffs, household equipment and furniture for current and future occupants of the complexes to enable them to lead comfortable lives and cordially greeted occupant war veterans and families before coordinating their needs and presenting foodstuffs to them. 100

# Iran may be the key to the Mecca Pact's future

**Tehran August 28**

The reported invitation for Iran to join the Mecca Joint Defence Agreement puts a new perspective on what the new alliance might ultimately become.

Mehdi Rahimi, head of the Iranian parliament's news agency, said that the proposal was under consideration by the country's leadership and argued that the creation of a regional security umbrella would represent a victory for the Islamic Republic. Shortly afterwards, however, Iranian Foreign Ministry spokesman Esmail Baghaei stated that Tehran had received no formal invitation, although proposals for dialogue with the pact's members on collective regional security had indeed been raised. For the moment, this appears to be a political overture intended to test the reactions of the parties rather than the beginning of a formal accession process. Even so, it suggests that the agreement is not intended as an alliance against Tehran, but as the possible foundation of a security system built with Iranian participation. RT

# 140 members of PDF terrorist groups who came to trust the peace processes of the State and Tatmadaw return to legal fold along with arms and ammunition, systematically handed over to their parents and guardians



**Officials inspect arms and ammunition surrendered by PDF members returning to the legal fold.**

**Nay Pyi Taw August 28**

The Government has been inviting members of organizations engaged in armed opposition under various names, including the PDF, to return to the legal fold, providing necessary assistance, and systematically handing them over to their parents and guardians. Accordingly, members of so-called PDF groups who have placed their trust in the peace processes of the State and the Tatmadaw have returned to the legal fold alongside weapons and ammunition.

A ceremony to hand over those who returned to the legal fold to their parents and guardians was held this morning at the Zayathiri Hall of the North-West Command. The ceremony was attended by Sagaing Region Chief Minister U Ko Lay, Commander Major General Kyaw Thura, relevant officials, departmental personnel, returnees, and their parents and guardians.

First, the Chief Minister delivered an opening address, followed by explanatory and informative remarks on regional peace and stability by the Commander. Next, returnees surrendered the weapons they brought along: one pistol, one MA-1 rifle, two MA-3 rifles, one MA-11 rifle, one KA rifle, one improvised firearm, seven magazines, and ten assorted hand grenades, which were formally accepted by the Commander.

Subsequently, the Chief Minister and the Commander provided monetary rewards and food supplies: 30 million kyats for the six automatic rifles, 2 million kyats for the one pistol, 3 million kyats for the ten assorted grenades, and 4.75 million kyats for the returning individuals, totaling 39.75 million kyats. After signing pledges of commitment, the returnees were systematically handed over to their parents and guardians.

At today's ceremony, a total of 95 returnees (89 males and 6 females) who genuinely desire regional peace and stability and trust the peace process were handed over: 57 males and 6 females from Sagaing; 14 males from Monywa; 7 males from Shwebo; 1 male from Ye-U; 3 males from Wuntho; 4 males from Katha; and 3 males from Kantbalu.

Similarly, a handover ceremony was held at Aung San Hall in Kalay, attended by local military station officials, departmental personnel, returnees, and their parents and guardians.

At that ceremony, a total of 45 returnees (42 males and 3 females)—comprising 1 male from Hakha; 25 males and 2 females from Kalay; 1 male from Mawlaik; 2 males and 1 female from Paungbyin; and 13 males from Tamu—surrendered a total of 21 assorted arms (1 pistol, 2 MA-1 rifles, 2 MA-3 rifles, 1 MA-11 rifle, 1 M-22 rifle, 11 Type-81 rifles, 1 AK-47 rifle, 1 carbine, and 1 rifle), along with 30 magazines, 679 assorted rounds of ammunition, 6 hand grenades, and 3 walkie-talkies. Officials accepted the items and awarded 100 million kyats for the 20 automatic rifles, 2 million kyats for the pistol, 1.8 million kyats for the 6 hand grenades, 600,000 kyats for the 3 walkie-talkies, and 2.25 million kyats for the returnees, along with food supplies. The returnees then signed pledges and were systematically handed over to their parents and guardians.

Therefore, a total of 140 individuals (131 males and 9 females) from various so-called PDF terrorist insurgent groups across the Sagaing Region who came to trust the peace processes of the State and the Tatmadaw returned to the legal fold today, surrendering 27 assorted firearms, 16 hand grenades, ammunition, and related materiel.

The majority of these returning PDF members were forcibly recruited through threats and coercion against their families. They abandoned the path of armed conflict and returned to the legal fold due to being unable to tolerate terrorist acts, facing internal discrimination, bullying, abuse, murder, and sexual violence within the groups, suffering demoralization from inability to withstand Tatmadaw offensives, and desiring to live peacefully within the legal framework while contributing back to the State and the public for the harm caused.

While returning individuals are being welcomed, provided necessary support, and systematically handed over to their parents and guardians, it is learned that others still wish to return. Those wishing to enter the legal fold can contact nearby district or township administrative bodies, military camps, or police stations promptly; they will be warmly welcomed, given essential assistance, and granted appropriate monetary rewards for surrendered weapons and ammunition.

The voices and sentiments of the returnees were expressed as follows:

Interview (1)

How I first got there was that I was sent to a battalion. I was sent under a contract of one year and three months. But once I arrived there, the contract no longer existed. I had to stay as permanent cadre. From there, I was assigned to the 9706 Red Peacock Battalion under that one-year-and-three-month contract. But there too, the contract was completely disregarded. Once I reached the Red Peacock Battalion, I was sent off again to northern Shan State. The so-called contract they kept talking about simply did not exist. What was worse was that the leaders had absolutely no responsibility or accountability. I ran away from the camp twice. I was caught once and beaten—beaten almost to death. Their discrimination was terrible; even when it came to meals, they cooked and ate separately for themselves. Ordinary comrades had to cook on their own. The worst meal we had was plain soup without even salt or seasoning powder; we had to eat with just a single bowl of plain soup. At the frontline, there were times when rations couldn't be delivered for two or three days. I went through that. A friend of mine was wounded, and I had to carry him all the way back to the rear through bullet holes and gunfire myself. They forced us to fight until the mission was over. The way they operated to keep us fighting to the end was unbearable; I hated it. I didn't want to fight anymore; my heart was no longer in it. Worst of all was the total lack of responsibility and accountability—it was truly awful. When comrades fell in battle, the leaders took zero responsibility. There were comrades whose parents weren't even notified; parents never even knew their own children had died. Things like that happened—they didn't even send word. I don't want those who are still left behind there to keep fighting a battle they know they cannot win.

*See Page 14*

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Two more foreign nationals involved in online fraud and gambling arrested along with their business equipment in Mongyai Town



Chinese national involved in online scam and gambling operations arrested along with operational equipment.



Kazakhstani national involved in online scam and gambling operations arrested along with operational equipment.

**Nay Pyi Taw August 28**

The government treats the fight against online fraud and gambling as a national duty, targeting illegal border-crossers whose criminal activities harm local communities and global socio-economic stability. In addition, authorities have been coordinating effectively with neighboring governments to identify, arrest, and take legal action against offenders.

As part of these ongoing efforts, on August 26, during an operation to arrest individuals involved in illegal online scam activities between Man Maing and Man Ka villages in Mongyai Township, northern Shan State, two suspects managed to flee. However, they were apprehended today in the afternoon near Nali Village. The two individuals; a Chinese national and a Kazakhstani national were found in possession of 10 mobile phones of various types.

It has been reported that the detained suspects will face rigorous legal action in accordance with existing laws once necessary investigations are completed. The seized equipment will also be processed following established procedures.

The state continues to actively collaborate with neighboring countries, regional nations and international organizations to eliminate online scam and gambling operations and to ensure that such activities cannot take root within Myanmar. Efforts to combat these crimes are being pursued with vigor and determination.

100

*From Page 13*

Knowing that fighting will not lead to victory, I want to tell my friends to enter the light as quickly as possible. Stop doing what is impossible. Staying there will only ruin your life and future; nothing will ever progress, and your youth will simply be lost. Come into the light on your own, reunite with your family, earn a living, and let those who need to attend school go back to their studies. At first, I thought about returning to the legal fold for over a week or two. While thinking it over, since I had friends who had already entered the legal fold, I called them and asked if things were okay for them. They said everything was peaceful and fine, and that returnees were systematically reunited with their parents after the ceremony. Initially, I thought I would definitely end up in detention, but it wasn't like that at all. We could stay freely. They even let us go outside; there was no confinement. They provided everything, from sets of clothes to living arrangements, food, and drink—ensuring everything was convenient. It is completely different from living in the jungle.

Interview (2)

I ended up there because I was forcibly conscripted by the terrorist PDF. Living inside was not easy. They discriminated against us, forced us to collect extortion money, and destroyed schools. Furthermore, they dressed up in military uniforms to stage and film deceptive videos. Because of that, we hated their methods; we also hated the NUG government. Initially, we thought we would be beaten and imprisoned when we arrived here. But that was not the case. When we arrived, everyone welcomed us warmly, treating us like brothers, sisters, sons, and grandsons. To all the brothers and sisters still over there: after hearing my words, please come into the light as quickly as possible. Never remain in the darkness; come out to the light immediately. Staying in their hands will only ruin your life further and further. They forced me to serve as a soldier, murdered my uncle, and threatened my family. I had to serve for five whole years. It was because of those bitter experiences that I chose to enter the light. Arriving here, I was received with a warm welcome, and I would like to express my sincere gratitude to everyone for welcoming us so warmly.

100



A PDF member returning to the legal fold gives an interview.



A PDF member returning to the legal fold gives an interview.

# Farmers grow more than 3,000 acres of sunflower in Pale Township



A sunflower plantation.

**Pale August 28**

Local farmers have placed 3,225 acres of croplands under sunflower as monsoon crops in Pale Township of Sagaing Region, according to the township Agriculture Department.

During the 2026-2027 monsoon crop planting season, local authorities in Pale Township targeted the cultivation of 3,220 acres of sunflower. Planting began in May of this year, and local farmers planted 3,225 acres exceeding the target cultivation.

"During this year's monsoon crop planting season in Pale Township, 3,220 acres of sunflower were targeted, and 3,225 acres have now been planted. To reduce palm oil imports from abroad, we will work to expand the cultivation of sunflower as an oilseed crop. In terms of oil yield per acre, sunflower produces more than other crops like groundnut and sesame," said Daw Khin Lay Nwe, Head of the Pale Township Department of Agriculture.

To expand sunflower cultivation in Pale Township, the relevant Township Department of Agriculture is intensifying educational training programs and actively conducting capacity-building sessions for both staff and sunflower farmers.

This year, plans are in place to supply seeds to sunflower farmers in Pale Township, provide urea fertilizer at affordable prices, and distribute the harvested sunflower seeds through farmer-to-farmer exchange systems.

206

# ရုရှားနိုင်ငံက Garpia-A1E အသေခံတိုက်ခိုက်ရေးဒရုန်းသစ်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရန် မိတ်ဆက်



ရုရှားနိုင်ငံပိုင် Rosoboronexport နှင့် ရုရှားနိုင်ငံ Almaz-Antey Air and Space Defence Corporation က ထုတ်လုပ်သည့် တာဝေးပျံသန်းစစ်ဆင်နိုင်သော Garpia-A1E အသေခံတိုက်ခိုက်ရေးဒရုန်း (Loitering Munition)သစ်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရန် စတင်မိတ်ဆက်လိုက်ကြောင်း The Drone Front သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ Rosoboronexport ၏ အထွေထွေညွှန်ကြားရေးမှူး Alexander Mikheev က အဆိုပါ အသေခံတိုက်ခိုက်ရေးဒရုန်းသည် လက်တွေ့စမ်းသပ်အကဲဖြတ်မှုများ ပြုလုပ်ပြီးနောက် နိုင်ငံခြား ဝယ်ယူသူများ၏ စိတ်ဝင်စားမှုကို ရရှိထားပြီးဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

Rosoboronexport အနေဖြင့် Garpia-A1E ကို တိုက်ရိုက်တင်ပို့ရောင်းချခြင်းအပြင် ရုရှားနှင့်ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများအတွင်း အဆိုပါ မိမိကိုယ်တိုင် ပစ်မှတ်ရှာဖွေတိုက်ခိုက်နိုင်သည့် ဒရုန်း (Suicide Drone) များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုနည်းပညာများကို ဒေသတွင်းသို့လွှဲပြောင်းပေးခြင်းများကိုလည်း ဆွေးနွေးရန်အသင့်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် Almaz-Antey ကော်ပိုရေးရှင်းက Garpia-A1E အမြောက်အမြား ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်ထားပြီးဖြစ်သဖြင့် ရုရှား၏ကာကွယ်ရေးစက်မှုလုပ်ငန်းအနေဖြင့် နိုင်ငံခြားစစ်ဘက်ဝယ်ယူမှုစာချုပ်များကို သတ်မှတ်ထားသည့်အချိန်ဇယားများအတိုင်း ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေသို့ရောက်ရှိလာပြီဖြစ်ကြောင်း ထုတ်ပြန်ထားသေးသည်။

Mikheev က "ရုရှားစစ်ဘက်သုံးပစ္စည်းများနှင့် ပတ်သက်သည့် စာချုပ်ချုပ်ဆိုခြင်းနှင့် တင်ပို့ပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Rosoboronexport သည် ထုတ်လုပ်သူက ရုရှားကာကွယ်ရေးဝန်ကြီးဌာနအပေါ် ထားရှိသည့်တာဝန်များကို ဦးစွာဖြည့်ဆည်းနိုင်ရေး လိုအပ်ချက်ကို အဓိကထားစဉ်းစားသည်"ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ "Almaz-Antey သည် Garpia-A1E စနစ် အမြောက်အမြား ထုတ်လုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ရုရှားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို ထိခိုက်စေခြင်းမရှိဘဲ နိုင်ငံခြားဝယ်ယူသူများနှင့် ချုပ်ဆိုထားသည့် စာချုပ်များကို သတ်မှတ်အချိန်ကာလအတွင်း ဖြည့်ဆည်းပေးနိုင်သည့် ထုတ်လုပ်မှုစွမ်းရည်ကို ရရှိထားပြီဖြစ်သည်"ဟု ထပ်လောင်းအတည်ပြုခဲ့သည်။

Garpia-A1E သည် အလျား ၃ ဒသမ ၄ မီတာ၊ အများဆုံးပျံတက်အလေးချိန် ကီလိုဂရမ် ၂၅၀ ရှိပြီး တောင်ပံအကျယ် သုံးမီတာရှိသည်။ အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် Almaz-Antey ၏ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် BLA-D ဓာတ်ဆီအင်ဂျင်သုံး တိုက်ခိုက်ရေးဒရုန်းကို အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ BLA-D သည် Flying-Wing ပုံစံကိုအသုံးပြုထားပြီး နောက်ဘက်တွင် တပ်ဆင်ထားသည့် Pusher Propeller ဖြင့် ကြိုတင်သတ်မှတ်ထားသော ကိုဩဒိနိတ်များရှိ ပုံသေပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။

Garpia-A1E သည် အမြင့်ဆုံး အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ ထိ ပျံသန်းနိုင်ပြီး ပျံသန်းချိန် ၆ နာရီကျော်ရှိသည်။ ပျံသန်းနိုင်သော အမြင့်မှာ မီတာ ၅၀ မှ ၂၅၀၀ ထိ ဖြစ်သည်။ Rosoboronexport ၏အထွေထွေညွှန်ကြားရေးမှူး Mikheev က "လက်ရှိတွင် Garpia-A1E သည် ကမ္ဘာ့ဈေးကွက်တွင် ကီလိုမီတာ ၁၀၀၀ ထိ အကွာအဝေးရောက်ရှိနိုင်သည့် တစ်ခုတည်းသော တိုက်ခိုက်ရေးဒရုန်းစနစ်ဖြစ်သည်"ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ Garpia-A1E သည် ကီလိုဂရမ် ၅၀ ကျော် အလေးချိန်ရှိ ထိပ်ဖူး (Warhead) တပ်ဆင်သယ်ဆောင်နိုင်ပြီး လွဲမှားနိုင်ခြေ(Circular Error Probability – CEP) သည် လေးမီတာထက် မပိုကြောင်း ပြောကြားခဲ့သည်။

**Russia Launches Export Campaign for Garpia-A1E Kamikaze Drone** ကို ဘာသာပြန်ဆိုထားပါသည်။

# နော်ဝေနိုင်ငံက အထူးသီးသန့် ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ် ပထမဆုံးအကြိမ် စတင်အသုံးပြု

နော်ဝေနိုင်ငံသည် ပစ်မှတ်များကို အလိုအလျောက်ရှာဖွေထောက်လှမ်းခြင်း၊ ခွဲခြားသတ်မှတ်ခြင်းနှင့် လိုအပ်ပါက တန်ပြန်ဖျက်ဆီးခြင်းတို့ကို ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် အထူးသီးသန့်တီထွင်ထုတ်လုပ်ထားသော ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် စတင် အသုံးပြုနေပြီဖြစ်ကြောင်း The Drone Front သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Counter-Unmanned Aerial System (C-UAS) ဟုခေါ်သည့် အဆိုပါစနစ်ကို နော်ဝေနိုင်ငံ Trondheim မြို့အနီးရှိ လေတပ်အခြေစိုက်စခန်း တစ်ခုတွင် တပ်ဖြန့်ထားပြီး အဆိုပါအခြေစိုက်စခန်းတွင် နော်ဝေတော်ဝင်လေတပ်က F-35 တိုက်လေယာဉ်များကိုလည်း အနာဂတ်တွင် တပ်စွဲအသုံးပြုသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

လက်ရှိဖော်ပြထားသည့် ပုံရိပ်များအရ ဗြိတိန်ကုမ္ပဏီ ISS Aerospace ၏ HAL10 Launcher ကို အဆိုပါ C-UAS စနစ်နှင့် ပေါင်းစပ်ထားပြီး Launcher သည် ကြားဖြတ်တိုက်ခိုက်ရေးလက်နက် ၁၀ ခု သို့မဟုတ် အခြားဒရုန်းတန်ပြန်ရေးပစ္စည်းများကို အချိန်တိုအတွင်းဆက်တိုက်ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

နော်ဝေနိုင်ငံပိုင်မီဒီယာ NRK ၏ ဖော်ပြချက်အရ အဆိုပါ C-UAS စနစ်သည် အလေးချိန် ကီလိုဂရမ် ၁၅၀ (၃၃၀ ပေါင်) အထိရှိသည့် Class 1 ဒရုန်းများရန်မှ နိုင်ငံ၏ စစ်ဘက်အခြေစိုက်စခန်းများနှင့် အခြားအရေးပါသည့် နေရာများကို ကာကွယ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

၎င်းစနစ်သည် ဥရောပဒေသအတွင်း ဒရုန်းများ မကြာခဏတွေ့ရှိလာရသည့် အခြေအနေကို တုံ့ပြန်ရန် တိုက်ရိုက်ရည်ရွယ်ထားခြင်းဖြစ်သည်။ ၎င်းဒရုန်းဖြစ်စဉ်အချို့ကြောင့် ဒိန်းမတ်နှင့် နော်ဝေနိုင်ငံရှိ လေဆိပ်များကို နာရီပေါင်းများစွာပိတ်ထားရပြီး လေကြောင်းလုပ်ငန်းများ အကြီးအကျယ် နှောင့်နှေးခဲ့ရသည်ဟု သိရသည်။

နော်ဝေတော်ဝင်လေတပ် အကယ်ဒမီမှ တွဲဖက်ပါမောက္ခ Lars Peder Haga က အရွယ်အစားသေးငယ်သည့် ဒရုန်းများကို ယခုအခါ အလွယ်တကူ ရရှိအသုံးပြုနိုင်လာခြင်းကြောင့် လေယာဉ်များကဲ့သို့ တန်ဖိုးမြင့်ပြီး ကာကွယ်မှုနည်းပါးသည့် စနစ်များကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း ပြောကြားခဲ့သည်။ ၎င်းခြိမ်းခြောက်မှုကို နော်ဝေက အချိန်အတော်ကြာ သိရှိထားခဲ့သော်လည်း မကြာသေးမီက ဒရုန်းများ ပိုမိုတွေ့ရှိလာသည့် ဖြစ်စဉ်များကြောင့် ယင်းအန္တရာယ်သည် ပိုမိုနီးကပ်ပြီး အရေးကြီးလာကြောင်း ၎င်းကဆိုသည်။




အဆိုပါ C-UAS စနစ်ကို နောက်ပိုင်းတွင် နော်ဝေနိုင်ငံရှိ အခြားနေရာများသို့လည်း တဖြည်းဖြည်း တပ်ဖြန့်သွားမည်ဖြစ်ပြီး နော်ဝေမြောက်ပိုင်းရှိ Evenes လေတပ်အခြေစိုက် စခန်းတွင်လည်း အလားတူစနစ်တစ်ရပ်ကို တပ်ဖြန့်သွားရန် စီစဉ်ထားသည်။

Evenes အခြေစိုက်စခန်းသည် အမည်မသိ လေယာဉ်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက နော်ဝေလေပိုင်နက်ကို လျင်မြန်စွာ ကာကွယ်တုံ့ပြန်နိုင်ရေး ရည်ရွယ်သည့် Quick Reaction Awareness Initiative ကို အားဖြည့်ပေးရန် တာဝန်ယူထားသည့် နေရာဖြစ်ကြောင်း သိရသည်။

တိကျသော ဝယ်ယူရေးအသေးစိတ်များကို မထုတ်ပြန်သေးသော်လည်း နော်ဝေကာကွယ်ရေးဝန်ကြီးဌာန အကြီးတန်းဆက်သွယ်ရေးအကြံပေး Per Erlien Dalløkken က C-UAS စနစ်များကို မတူညီသော မစ်ရှင်လိုအပ်ချက်ရှိသည့် နေရာများတွင် တပ်ဖြန့်ရာ၌ Sensor များနှင့် တန်ပြန်ရေးလက်နက်(Effectors) အသစ်များနှင့် ပေါင်းစပ်အသုံးပြုသွားမည်ဟု ပြောကြားခဲ့သည်။

**Norway Begins Operating First Dedicated Counter-Drone System** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralambaတို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

🏳 **ရှေ့ဖုံးမှအဆက်**

ထို့နောက် ထိုင်းနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ကောင်းမွန်သောသံတမန်ဆက်ဆံမှုများနှင့်အတူ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံသည် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကြား နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူတို့တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News



မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

☆ **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသနေမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ်နှင့် မွေးကင်းစကုသဆောင်သို့သွားရောက်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့်မွေးလူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်နှင့်စစ်ရေးချုပ်တို့က ဘဏ္ဍာနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာ အဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်းပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊ အထပ်မြင့်အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်၊ တည်ဆောက်ပြီးစီးသည့်အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်၊ပြောင်းရွှေ့ရောက်ရှိလာမည့်စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၉)နှင့်တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၉) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းတစ်ဦးချင်းစီအား တွေ့ဆုံမေးမြန်း၍ စိစစ်ရွေးချယ်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့၌ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၉)နှင့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများကို တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့်ကြိုးစားအားထုတ်မှုများ၊ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက်ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိ ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ်အနော်ရထာတပ်ရင်းရှိ ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

---

အဆင်ပြေစွာဖြင့် အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် အခြေခံစားကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းစီမံဆောင်ရွက်ပေးထားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းများအတွင်း လက်ရှိနေထိုင်လျက်ရှိသူများနှင့် ထပ်မံရောက်ရှိလာမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများအတွက် အဆင်ပြေစွာအဆင်သင့် နေထိုင်စားသောက်နိုင်ရေး အခြေခံစားသောက်ကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးပရိဘောဂပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ပေးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင်နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတ ဦးညိုစောသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံဆွေးနွေးပွဲများနှင့် စီးပွားရေးဖိုရမ်များကျင်းပနိုင်ခဲ့မှု၊ နှစ်နိုင်ငံကြား သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရလဒ်ကောင်းများရရှိခဲ့မှု၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင် အစရှိသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းပြိုင်ပွဲများအဖြစ် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၉ ဦးက ရှူးရှူးမိုက်မိုက်အချစ်သီချင်းဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ (နန်းတွင်းယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့ကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တိုင်းရင်းသားယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ခြောက်ဖွဲ့ကလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ တစ်ဦးချင်း(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၇ ဦးကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ တစ်ဦးချင်း(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၇ ဦးကလည်းကောင်း အသီးသီးကပြဖျော်ဖြေယှဉ်ပြိုင်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)








၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ သီဆိုကပြယှဉ်ပြိုင်ကြစဉ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ





နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေး ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်လုံခြုံရေးအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတားဆီးနှိမ်နင်းရေး၊ အွန်လိုင်း လိမ်လည်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက် လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဂိတ်များနှင့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံဒေသတွင်း ထိတွေ့ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ Jasmine Nayp-yitaw Hotel၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲတွင်ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နှင့် မစ္စတာ ချတ်ချိုင် ဘန်ချွတ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ညစာသုံးဆောင်စဉ် ယဉ်ကျေးမှု၊ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက် ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်တို့က အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၆ ရက်တွင် ရောက်ရှိခဲ့ကာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၊ နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ရတနာဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များကို သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလည်းကောင်း သွားရောက်ဖူးမြော်ခဲ့ကြကာ ပန်း၊ ရေချမ်း နှင့် ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခု နှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် နုန်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း ဆောင်ရွက်ပေးစဉ်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၁၀ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၆ လက်မခန့်သာကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့်ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၁ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများကို အများပြည်သူများနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် ၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်




**နေပြည်တော် ဩဂုတ် ၂၈**

၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ၁၄ ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်ထိ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက အိမ်ရှင်အဖြစ်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးများကို "Advancing ASEAN Human Capital: Skills Certification towards Global Recognition" ခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ၃၅၇ သန်းရှိသော လုပ်သားအင်အားသည် "သုံးထပ်ကွေ့အပြောင်းအလဲ" (Triple Transition) ဖြစ်သည့် - လျင်မြန်သော ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိမ်းရောင်စီးပွားရေးသို့ကူးပြောင်းမှုနှင့် လူဦးရေဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ရင်ဆိုင်ဖြတ်သန်းနေကြောင်း။

ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ ဒစ်ဂျစ်တယ်နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ဆောက်လုပ်ရေးစသည့် ဦးစားပေးကဏ္ဍများ၌ အာဆီယံကိုးကားမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းမူဘောင်(ARCF) ဖော်ဆောင်ရေးသည် လုပ်သားများ၏သင်ယူမှုရလဒ်များကို နေရာမရွေးသယ်ဆောင်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက် အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ အာဆီယံကျွမ်းကျင်မှု အရည်အသွေးမူဘောင်(ASCF)နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများပေါ်တွင် အခြေခံသည့် အာဆီယံအလုပ်အကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များကိုထောက်ခံကြောင်း၊ ကွန်ပျူတာအခြေပြုစာမေးပွဲများနှင့် ယခင်သင်ယူခဲ့သည့်အတွေ့အကြုံများကို အသိအမှတ်ပြုခြင်း(RPL)စနစ်များကို အသုံးပြုခြင်းဖြင့် တရားဝင်မဟုတ်သော (Non-formal) ကဏ္ဍမှလုပ်သားများကို အမျိုးသားအဆင့်မူဘောင်များကို လေးစားလိုက်နာလျက် အသိအမှတ်ပြု အာဆီယံကျွမ်းကျင်မှု လက်မှတ်များရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

စံပြဗဟိုဌာန(CoE) အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ နည်းပညာလွှဲပြောင်းပေးမှု၊ တစ်သက်တာသင်ယူမှုနှင့် နည်းပြသင်တန်းများ (Train-the-Trainer)ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)၊ World Skills ကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ခု ထူထောင်ရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့(NSSA)သည် အမျိုးသားကျွမ်းကျင်မှု အရည်အသွေးမူဘောင် (NSQF)ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လွှတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကို ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနှင့် အပေါင်းသုံး နိုင်ငံများကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းစေရေး ဆွေးနွေးမှုများ၊ အခြား အာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းဆွေးနွေးမှုများ၊ အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်(Joint Statement) အတည်ပြုထုတ်ပြန်နိုင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

❍ **ရထားခရီးစဉ်များမှ**

ရိုးရိုးတန်းတွဲ ခြောက်တွဲပါဝင်သော တွဲဆိုင်းကိုအသုံးပြု၍ တစ်ရက်လျှင် အစုန်၊ အဆန် လူစီးရထား ၁၂ ခေါက်ကို စက်တင်ဘာ ၁ ရက်မှစတင်၍ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားပြေးဆွဲမှုအနေဖြင့် ဒဂုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်အဆင်ပြေစေရန် ကျောင်းတက်ချိန် နံနက် ၈ နာရီဖြစ်၍ ည-၁ အဆန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ဒဂုံတက္ကသိုလ်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ ကျောင်းဆင်းချိန် ညနေ ၃ နာရီဖြစ်၍ ည-၁၀ အစုန်ရထားသည် ဒဂုံတက္ကသိုလ်ဘူတာမှ ညနေ ၃ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ကျန်ရထားများမှာလည်း သတ်မှတ်အချိန်ဇယားအတိုင်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေးဘူတာများ၌ ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့်ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်- မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးညှင်းလမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းနှင့် လက်ပံတန်း-သာရဝေါလမ်းပိုင်းစသည့် လမ်းပိုင်းတို့တွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ရန်ကုန်-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ခရီးသည်၊ ကျောင်းသား၊ ကျောင်းသူများ စီးနင်းမှုများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## သုံးခွမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ထုံးကြီးအရှေ့ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၁၆၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## ထူးခြားသည့် နေ့အပူချိန်များ

( ၂၈ - ၈ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ခန္တီး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

---

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## မန္တလေးနည်းပညာတက္ကသိုလ် ၁၆ ကြိမ်မြောက် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



မန္တလေး ဩဂုတ် ၂၈

မန္တလေး နည်းပညာတက္ကသိုလ်၏ ၁၆ ကြိမ်မြောက် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ် (MTU)တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက မန္တလေးနည်းပညာတက္ကသိုလ်၏ ဘွဲ့ကြို၊ ဘွဲ့လွန်သုတေသနရလဒ်များ ခင်းကျင်းပြသထားသော နည်းပညာပြခန်းများမှ သုတေသန Project များ၊ စာတမ်းဖတ်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် ဘာသာရပ် ၁၅ ခုမှ စာတမ်းရှင် ၉၇ ဦးက စာတမ်းများဖတ်ကြားတင်သွင်းသွားမည်ဖြစ်ပြီး မန္တလေးနည်းပညာတက္ကသိုလ်မှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၏သုတေသန Project ၆၆ ခုကိုခင်းကျင်းပြသခဲ့ကြောင်း၊ သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာသုတေသနသတင်း အချက်အလက်များ ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၂/ ၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုအမှတ် (၂/၂၀၂၆) ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၁)ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်၍ လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဓာတ်အားပိတ်နယ်မြေအတွင်းရှိ ရုံး႒ာနများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ကေဗွီ ၂၃၀ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ရန် ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ငါးနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့၊ မြို့နယ်များ၊ ရပ်ကွက်များ၊ ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကေဗွီ ၂၃၀ မြင်းခြံ Switching Station ဓာတ်အားခွဲရုံကို ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ကေဗွီ ၂၃၀ သပြေဝ-မြင်းခြံ (သံမဏိ) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကေဗွီ ၂၃၀ သပြေဝ-မြင်းခြံ(သံမဏိ) ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ ယာယီဓာတ်အားပြတ်တောက်နိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မည့် ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများကို ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများသို့ ဓာတ်အားတည်ငြိမ်စွာ ပို့လွှတ်နိုင်ရန်အတွက် ၆၆ ကေဗွီ ဝိုင်းမော် - မြစ်ကြီးနား အမှတ်(၁) ဓာတ်အားလိုင်း၏ ဗလမင်းထင်တံတားပေါ်ရှိ တိုင်အမှတ်(၃၄ နှင့် ၃၅) ကြားတွင် ကေဘယ်လ်ကြိုးအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်သဖြင့် အဆိုပါ ကေဘယ်လ်ကြိုးကို ဝန်အားချိတ်ဆက်ပို့လွှတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိ သုံးနာရီအကြာ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာ၊ ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့်ပြည်သူများအတွက် ရေဘေးထောက်ပံ့ငွေနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၈

ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာ၊ ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့် ပြည်သူ ၉၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၇၀၀၀၀၊ အောင်သုခရပ်ကွက် ရေဘေးသင့် ပြည်သူ ၃၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈၀၀၀၀၊ စုစုပေါင်းပြည်သူဦးရေ ၁၃၀ အတွက် ရေဘေးထောက်ပံ့ငွေကျပ် ၆၅၀၀၀၀ နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ရန်မျိုးအောင်ရပ်ကွက် ရသေ့ကျောင်း (ဘုန်းကြီးကျောင်း)၊ အောင်သုခရပ်ကွက် Cyclone Shelter တို့၌ ရေဘေးရှောင်ပြည်သူများကိုတွေ့ဆုံကာ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုကြရန်နှင့် မိဘများအနေဖြင့် ကျောင်းနေအရွယ်ကလေးများကို ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားကာ ကျိုက်မရောမြို့နယ် အနိမ့်ပိုင်းဒေသရှိ ရေကြီးနစ်မြုပ်ခံခဲ့ရသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေများပြန်လည်ကျဆင်းပါက နေအိမ်များသို့ စနစ်တကျပြန်လည်ရွှေ့ပြောင်းရေး၊ ရေကြီးပြီး နောက်ဆက်တွဲကျန်းမာရေး ဆိုးကျိုးများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ဆေးဝါးများပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုအားပေး၍ ဆေးကုသမှုခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

**၂၀၂၆ ခုနှစ် ဩဂုတ် ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# မြိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်း တမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဉ၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဉ၀၁)



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် တာကိုယ်ထည် ရေတိုက်စားမှုမှကာကွယ်ရန် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြစဉ်။

❑ ညောင်တုန်းမြို့နယ်မှ

သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော ရေတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဉ၀၁)

## ၂၈-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၈၄၀,၃၄၁.၄၂ | ၄၄,၁၃၅,၂၄၀.၉၇ | ၆,၁၂၄,၁၀၈.၉၉ | - |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှု

ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧယျာသီရိခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA-1 သေနတ်တစ်လက်၊ MA-3 သေနတ် နှစ်လက်၊ MA-11 သေနတ် တစ်လက်၊ ကေအေသေနတ်တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးတို့ကိုအပ်နှံခဲ့ရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ပစ္စတိုသေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးအတွက် ဆုကြေး ငွေကျပ် သိန်း ၃၀၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ဆုကြေးငွေ ၄၇ သိန်း ၅ သောင်းကျပ် စုစုပေါင်း ဆုကြေးငွေ ၃၉၇ သိန်း ၅သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းမြို့မှ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ခြောက်ဦး၊ မုံရွာမြို့မှ အမျိုးသား ၁၄ ဦး၊ ရွှေဘိုမြို့မှ အမျိုးသား ခုနစ်ဦး၊ ရေဦးမြို့မှ အမျိုးသား တစ်ဦး၊ ဝန်းသိုမြို့မှ အမျိုးသား သုံးဦး၊ ကသာမြို့မှ အမျိုးသား လေးဦး၊ ကန့်ဘလူမြို့မှ အမျိုးသား သုံးဦး စုစုပေါင်း အမျိုးသား ၈၉ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၉၅ ဦးဖြစ်ကြောင်း သိရသည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနား၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအနေဖြင့် ဟားခါးမြို့မှ အမျိုးသား တစ်ဦး၊ ကလေးမြို့မှ အမျိုးသား ၂၅ ဦး၊အမျိုးသမီး နှစ်ဦး၊ မော်လိုက်မြို့မှ အမျိုးသား တစ်ဦး၊ ဖောင်းပြင်မြို့မှ အမျိုးသား နှစ်ဦး အမျိုးသမီး တစ်ဦးနှင့် တမူးမြို့မှ အမျိုးသား ၁၃ ဦး စုစုပေါင်း အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၄၅ ဦးတို့သည် ၎င်းတို့နှင့်အတူပါရှိလာသည့် ပစ္စတိုသေနတ် တစ်လက်၊ MA-1 သေနတ် နှစ်လက်၊ MA-3 သေနတ် နှစ်လက်၊ MA-11သေနတ် တစ်လက်၊ M-22 သေနတ် တစ်လက်၊ Type-81 သေနတ် ၁၁ လက်၊ AK-47 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ ရိုင်ဖယ်သေနတ် တစ်လက် စုစုပေါင်း ၂၁ လက်၊ ကျည်အိမ် အခု ၃၀၊ ကျည်မျိုးစုံ ၆၇၉ တောင့်၊ လက်ပစ်ဗုံး ခြောက်လုံး၊ စကားပြောစက် သုံးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများကလက်ခံရယူပြီး မောင်းပြန်ရိုင်ဖယ်သေနတ်အလက် ၂၀ အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ဆုကြေးငွေ ၂၂ သိန်း ၅ သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျလွှဲပြောင်းအပ်နှံပေးကြသည်။

ထို့ကြောင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အသီးသီးမှ အမျိုးသား ၁၃၁ ဦး၊အမျိုးသမီး ကိုးဦး စုစုပေါင်း ဦးရေ ၁၄၀ သည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ဘယ်ကနေ စရောက်လဲဆိုတော့ ကျွန်တော့်ကို တပ်ရင်းကိုပို့တယ်။ တစ်နှစ်သုံးလဆိုတဲ့ စာချုပ်နဲ့ပို့တယ်။ ဒါပေမဲ့ ဟိုရောက်သွားတော့ စာချုပ်ကမရှိတော့ဘူး။ ဒီမှာ သန္တေနေရတယ်။ သန္တေကနေမှ ၉၇၀၆ ဒေါင်းနီတပ်ရင်းမှာ တစ်နှစ် သုံးလ စာချုပ်နဲ့။ ဒါပေမဲ့ အဲ့ဒီမှာ တစ်နှစ် သုံးလ စာချုပ်က မရှိတော့ဘူး။ ဒေါင်းနီရောက်ပြန်တော့လဲ တစ်ခါရှမ်းမြောက်ကို ပြန်ပို့ခံရတယ်။ ဒါပေမဲ့ သူတို့ပြောပြောနေတဲ့ စာချုပ်ဆိုတာလဲမရှိဘူး။ အဲ့ဒီမှာ အဆိုးဆုံးက ခေါင်းဆောင်တွေက တာဝန်ယူမှု၊ တာဝန်ခံမှုလုံးဝမရှိဘူး။ ကျွန်တော် အဲ့ဒီမှာ တပ်နှစ်ခါပြေးတယ်။ တစ်ခါမိတယ်။ အရိုက်ခံရတယ်။ သေလုနီးပါး အရိုက်ခံရတယ်။ သူတို့ခွဲခြားဆက်ဆံတာတွေက ထမင်းစားမယ်ဆိုရင်တောင် သူတို့က သူတို့ဟာသူတို့ ချက်စားကြတယ်။ ရဲဘော်တွေကျတော့ ချက်တယ်။ ကျွန်တော်တို့ အဆိုးဆုံး အစားအစာကတော့ ဆွန်တန်တောင်မှ ဆား၊ ဟင်းချိုမှုန့်မပါဘူး။ ဆွန်တန်တစ်ခွက်ထဲနဲ့ စားခဲ့ရတယ်။ ရှေ့တန်းမှာလဲ နှစ်ရက် သုံးရက်လောက်ထိ ရိက္ခာထမင်းလာမပို့နိုင်ဘူး။ ကြုံခဲ့ရဖူးတယ်။ သူငယ်ချင်းတစ်ယောက်ထိတယ်။ ဒါပေမဲ့ ကိုယ်ပဲအဲ့ဒီထိသွားတဲ့ဟာကို နောက်တန်းထိထမ်းပြီးတော့ ကျည်ပေါက်ရာတွေကြားထဲက ကိုယ်ပဲသွားပို့ပေးရတယ်။ အဲ့ဒီမှာ တာဝန်ပြီးဆုံးအောင် တိုက်ခိုင်းတာပေါ့။တာဝန်ပြီးဆုံးတဲ့ထိတိုက်ရအောင် သူတို့လုပ်နေတဲ့ ပုံစံတွေက အဆင်မပြေဘူး။ မကြိုက်ဘူး။ တိုက်လဲ မတိုက်ချင်တော့ဘူး။ စိတ်လဲမပါတော့ဘူး။ အဆိုးဆုံးကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတာ တော်တော်ကိုဆိုးတယ်။ အဲ့ဒီလိုကျသွားတဲ့ ရဲဘော်တွေဘာတွေရှိရင် သူတို့က ဘာတစ်ခုမှ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘူး။ မိဘတွေ






ဆီကိုပါ တစ်ခါတလေဆို သတင်းမရောက်တဲ့ ရဲဘော်တွေရှိတယ်။ သူ့သားသမီး ကျသွားတာတောင်မှ မသိခဲ့ရဘူး။ အဲ့ဒီလိုမျိုးတွေလဲရှိတယ်။ သတင်းတောင်ပို့မပေးခဲ့ဘူး။ မနိုင်မှန်းသိရက်နဲ့ တိုက်နေတာကြီးကို အဲ့ဒီမှာ ကျန်နေတဲ့သူတွေကိုလဲ ဆက်ပြီးတော့ မတိုက်စေချင်ဘူး။ တိုက်လဲ နိုင်မှာမဟုတ်တဲ့ အတွက်ကြောင့်မို့လို့ အမြန်အလင်းဝင်ရမယ်ဆိုတဲ့ အမြန်အလင်းဝင်ရာက်ဖို့ သူငယ်ချင်းတွေကို ပြောချင်တယ်။ မဖြစ်နိုင်တဲ့ အရာကြီးကို မလုပ်နဲ့တော့လို့ ဒီမှာ ဆက်နေရင်လဲ ဘဝလူညွန့်တုံးပြီးတော့။ ဘာမှတိုးတက် မှာလဲမဟုတ်ဘူး။ လူငယ်ဘဝတွေလဲ ပျောက်ဆုံးသွားမှာပေါ့နော်။ ကိုယ့်ဟာနဲ့ကိုယ် ဒီမှာအလင်းဝင်။ ကိုယ့်မိသားစုနဲ့ကိုယ်ပြန်နေပြီး လုပ်ကိုင်စားသောက်ပြီးတော့ ကျောင်းတက်စရာရှိတဲ့လူတွေလဲ ပြန်တက်ပြီးတော့ နေစေချင်တယ်။ ကျွန်တော်အစက ဒီကိုအလင်းဝင်ဖို့ တစ်ပတ်ကျော်ကျော် နှစ်ပတ်လောက်စဉ်းစားတယ်။ စဉ်းစားတော့ ဒီမှာအရင်အလင်းဝင်ထားတဲ့ သူငယ်ချင်းတွေရှိတော့ ဖုန်းလှမ်းဆက်ပြီးတော့ မင်းတို့အဆင်ပြေလား။ သူတို့ကလဲ အေးဆေးပဲအဆင်ပြေတယ်။ အခမ်းအနားပြီးရင်တောင် မိဘတွေဆီပြန်အပ်ပေးတယ်။ အစကတွေးတာပေါ့။ သေချာပေါက် အချုပ်ကတော့ ကျမယ်။ အဲ့ဒီလိုလဲမဟုတ်ဘူး။ လွတ်လွတ်လပ်လပ်နေရတယ်။ အပြင်တွေဘာတွေလဲသွားခိုင်းတယ်။ ချုပ်နှောင်ထားတာလဲမရှိဘူး။ အဝတ်အစားတွေ ဘာတွေကအစ အကုန်ဆင်ပေးတယ်။ နေတာထိုင်တာ စားတာသောက်တာကအစ အစစအရာရာ အဆင်ပြေအောင် လုပ်ပေးတယ်။ တောထဲမှာနေရတာနဲ့ တခြားစီပဲ"ဟု ပြောသည်။

"အကြမ်းဖက် PDF တွေက ပေါ်တာဆွဲသွားလို့ ပါသွားတာပါ။ ကျွန်တော်တို့ အထဲမှာ နေရတာအဆင်မပြေပါဘူး။ သူတို့ဟာ ကျွန်တော်တို့ကို ခွဲခြားဆက်ဆံတယ်။ ဆက်ကြေးတွေ ကောက်ခိုင်းတယ်။ ကျောင်းတွေလဲဖျက်ဆီးပါတယ်။ ပြီးတော့ သူတို့တွေက စစ်ယူနီဖောင်းကို ဝတ်ပြီးတော့ လိမ်ပြီးတော့ Video ရိုက်တင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ သူတို့လုပ်ပုံလုပ်နည်းတွေကို မကြိုက်ပါဘူး။ NUG အစိုးရကိုလဲ မကြိုက်ပါဘူး။ ဝင်ဝင်ချင်းကတော့ ကျွန်တော်တို့တွေကို ရိုက်နှက်မယ် ထောင်ချမယ်လို့ ကျွန်တော်တို့ထင်ခဲ့ပါတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ ဒီမှာရောက်တော့ ကိုယ့်ညီအစ်ကိုလို၊ မောင်နှမလို ကိုယ့်သားလေးလို၊ ကိုယ့်မြေးလေးလိုပဲ အားလုံးက နွေးထွေးစွာကြိုဆိုကြပါတယ်။ ဟိုမှာရှိတဲ့ ညီအစ်ကို၊ ညီအစ်မတွေကိုလဲ အားလုံးအစ်ကိုပြောတဲ့စကားကို ကြားပြီးတော့ အမြန်ဆုံးအလင်းဝင်ခဲ့ပါလို့၊ ဘယ်တော့မှ အမှောင်ထုထဲမှာ မနေပါနဲ့။ အလင်းကို အမြန်ဆုံး ထွက်ခဲ့ကြပါလို့။ ဒီကောင်တွေ လက်ထဲမှာ နေလို့ရှိရင် ဘဝဟာဆက်ပြီး ပျက်သည်ထက်ပျက်မှာပါ။ သူတို့ ကျွန်တော်ကို စစ်သားလဲ လုပ်ခိုင်းသေးတယ်။ကျွန်တော့်ဦးလေးကိုလဲ သတ်တယ်။ ကျွန်တော့် မိသားစုကိုလဲ ခြိမ်းခြောက်တယ်။ ကျွန်တော် ငါးနှစ်လုံးလုံး တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် အဲ့ဒီခံစားချက်ကြောင့် အလင်းဝင်လာတာပါ။ ဒီမှာရောက်တော့ နွေးထွေးစွာကြိုဆိုပါတယ်။ အားလုံးကိုလဲ ဒီလိုနွေးထွေးစွာကြိုဆိုပေးလို့ ကျွန်တော်က ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။ (၅၀၁)


---

**မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်**

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

# မိုင်းရယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသား နှစ်ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ




မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြမြေပုံ။

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မန်မိုင်းကျေးရွာနှင့် မန်းကကျေးရွာကြား တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်သူများကို သွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွားသည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသားတစ်ဦးတို့ကို ဖုန်းမျိုးစုံ ၁၀ လုံးနှင့်အတူ ယနေ့ နေ့လယ်ပိုင်းတွင် နာလီကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟ)




မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




ဒိုးရှန်းမန် ခေါ် မာန်ဖွေ့၊ ဇမ်းလျန်းပုမ်း ခေါ် လျန်ပီး၊ မဇင်လမ်မာန်နှင့် ဟောက်ခန့်ခွာလ်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ဟောက်ခန့်ခွာလ်နှင့် မဇင်လမ်မာန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**● စိတ်ကြွဆေးပြားဖမ်းဆီးရမိမှု**

ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉ ဒသမ ၂ သိန်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို လက်ခံသူများဖြစ်သည့် ကလေးမြို့ တောင်ဖီလာရပ်ကွက်နေ ပေါင်ရှင်းတွေ့ဇင် ခေါ် တွမ်ပီးနှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပေါင်ရှင်းတွေ့ဇင် ခေါ် တွမ်ပီးကို မတွေ့ရှိရဘဲ မဇင်လမ်မာန်ကိုဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကလေးမြို့ ချမ်းမြေ့အောင်စည် ရပ်ကွက်နေ ဟောက်ခန့်ခွာလ်ကို စိတ်ကြွဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ ဒသမ ၈ သိန်းကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ နမ့်စန်မြို့နေ ကောင်းစံ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နမ့်စန်မှ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်သို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပေါင်ရှင်းတွေ့ဇင် ခေါ် တွမ်ပီး (ဖမ်းဆီးရန်ကျန်)နှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့က တန့်ဆည်မှ ကလေးသို့ ဆက်လက်သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**■ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းကို ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား သုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား နှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းကို ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းကို ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား သုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှု ကျူးလွန်ခဲ့သူ အမျိုးသား နှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ရပ်ကွက်နေ ဦးစိန်မြင့်ဦး ၅၁ နှစ်သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရိုးကြီး၊ ရိုးလေးကျေးရွာ အနော်ရထာလမ်းမကြီးရှိ Gas ဆိုင် အနီး၌ ၎င်းမောင်းနှင်သည့် Taxi ယာဉ်ကို အမျိုးသား သုံးဦးက ဘုရင့်နောင်ကားကြီးဝင်းသို့ ငှားရမ်းခဲ့သဖြင့် လိုက်ပါပို့ဆောင်ခဲ့ရာ ဘုရင့်နောင်ပွဲရုံဝင်း "ဗန္ဓုလ"လက်ဖက်ခြောက်ရောင်းဝယ်ရေးပွဲရုံရှေ့အရောက်တွင် အဆိုပါအမျိုးသား သုံးဦးက ဓားမြှောင်ဖြင့်ထိုးကာ ငွေကျပ် တစ်သိန်း နှင့် Vivo အမျိုးအစားဖုန်းတစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင်နယ်မြေရဲစခန်းက (ပ)၁၈၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၇ ရက် ညပိုင်းတွင် မှော်ဘီမြို့နယ် အစုလေးကျေးရွာနေ ဦးအောင်မျိုးနိုင် ၃၈ နှစ်သည် ၎င်း၏နေအိမ်မှ ထန်းတပင်မြို့နယ် ပန်းတောကျေးရွာသို့ ၎င်းပိုင်ဆိုင်ကယ်ဖြင့် သွားရောက်စဉ် ပန်းတောကျေးရွာထိပ် အရောက် ဆိုင်ကယ်ရှေ့မှ လမ်းပိတ်ဆို့ရပ်တန့်ခိုင်းကာ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်ကို လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားခံများဖြစ်ကြသည့် သန်းစိုးဦးခေါ် တက်တူး၊ မောင်မောင်ကြည်၊ ရဲဝင်းခေါ် ကျော်စွာဝင်းတို့ သုံးဦးနှင့် ဆိုင်ကယ်ကို လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ချစ်ကိုကို၊ မျိုးကျော်ကျော်တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန်တရားခံများကို ထပ်မံဖမ်းဆီး အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီး တစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ (ငြိမ်း) အမျိုးသမီး တစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နဲမနိတ်ကျေးရွာနေ ဒေါ်လှလှဝင်း ၇၁ နှစ် ကျောင်းဆရာမ (ငြိမ်း)သည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက နေအိမ်နောက်ဘက်ရှိ ရေချိုးခန်းဝင်ပေါက်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည်ပစ္စည်းနှင့် ငွေများပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ နိဗ္ဗာန်နယ်မြေရဲစခန်းက (ပ) ၂၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံကိုဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရားခံများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့် အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ (ငြိမ်း)အမျိုးသမီး တစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်




**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

၅၁။ MMS ISO 7588-3:1998 လမ်းအသုံးပြုယာဉ်များ — လျှပ်စစ်/ အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ- အပိုင်း (၃) - မိုက်ခရိုရီလေးများ

၅၂။ MMS ISO/TR 8713:2019 လျှပ်စစ်သုံးယာဉ်များ - ဝေါဟာရများ

၅၃။ MMS ISO 8714:2023 လျှပ်စစ်သုံးယာဉ်များ - ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး - ခရီးသည်တင်ယာဉ်များနှင့် ပေ့ါပါးသည့်လုပ်ငန်းသုံးယာဉ်များအတွက် စမ်းသပ်မှုဆိုင်ရာနည်းစဉ်များ

၅၄။ MMS ISO 8715:2001 လျှပ်စစ်သုံးယာဉ်များ - လမ်းပေါ်တွင် အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၅၅။ MMS ISO/TR 11954:2024 လောင်စာဆဲလ် အသုံးပြုယာဉ်များ - စွမ်းဆောင်ရည် တိုင်းတာခြင်း - ဖိသိပ်ထားသော ဟိုက်ဒရိုဂျင် (compressed hydrogen) ဖြင့် စွမ်းအင်ဖြည့်သွင်းသောယာဉ်များ

၅၆။ MMS ISO 12405-4:2018 လျှပ်စစ်သုံးယာဉ်များ - လီသီယမ်-အိုင်းယွန်းဆွဲငင်အားသုံး ဘက်ထရီအိတ်များနှင့် စနစ်များအတွက် စမ်းသပ်မှုသတ်မှတ်ချက် - အပိုင်း (၄) - စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၅၇။ MMS ISO/TR 13062:2015 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဝေါဟာရများနှင့် အမျိုးအစားခွဲခြားခြင်း

၅၈။ MMS ISO 13063-1:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၁) - On-board အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၅၉။ MMS ISO 13063-2:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၂) - ယာဉ်အသုံးပြုစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၀။ MMS ISO 13063-3:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - အပိုင်း (၃) - လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၆၁။ MMS ISO 13064-1:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ - စွမ်းဆောင်ရည် - အပိုင်း (၁) - ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး

၆၂။ MMS ISO 13064-2:2012 ဘက်ထရီ-လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ - စွမ်းဆောင်ရည် - အပိုင်း (၂) - လမ်းအသုံးပြုမှုဆိုင်ရာ အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၆၃။ MMS ISO 15118-1:2019 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၁) - အထွေထွေအချက်အလက်နှင့် အသုံးပြုမှုဆိုင်ရာ အခြေအနေသတ်မှတ်ချက်

၆၄။ MMS ISO 15118-2:2014 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၂) - ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် လိုအပ်ချက်များ

၆၅။ MMS ISO 15118-3:2015 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၃) - ရုပ်ပိုင်းဆိုင်ရာနှင့် Data link layer ဆိုင်ရာ လိုအပ်ချက်များ

၆၆။ MMS ISO 15118-4:2018 လမ်းသုံးယာဉ်များ - ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၄) - ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် ကိုက်ညီမှုစစ်ဆေးခြင်း (conformance test)

၆၇။ MMS ISO 15118-5:2018 လမ်းသုံးယာဉ်များ - ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၅) - ရုပ်ပိုင်းဆိုင်ရာအလွှာနှင့် data link layer ကိုက်ညီမှုစစ်ဆေးခြင်း

၆၈။ MMS ISO 15118-20:2022 လမ်းသုံးယာဉ်များ - ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း - အပိုင်း (၂၀) - ဒုတိယမျိုးဆက် ကွန်ရက်အလွှာနှင့် ချိတ်ဆက်အသုံးပြုခြင်း အလွှာလိုအပ်ချက်များ

၆၉။ MMS ISO 17840-1:2022 လမ်းအသုံးပြုယာဉ်များ - ပထမနှင့် ဒုတိယတုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များအတွက် အချက်အလက်များ - အပိုင်း (၁) - လူစီးကားများနှင့် ကုန်သန်းရောင်းဝယ်ရေးသုံးယာဉ်ငယ်များအတွက် ယာဉ်ကယ်ဆယ်ရေးစာရွက်

၇၀။ MMS ISO 18300:2016 လျှပ်စစ်သုံးယာဉ်များ - လီသီယမ် - အိုင်းယွန်း ဘက်ထရီစနစ်များကို ခဲ-အက်စစ်ဘက်ထရီ (သို့မဟုတ်) capacitor တို့နှင့် ပေါင်းစပ်အသုံးပြုခြင်းအတွက် စမ်းသပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၇၁။ MMS ISO 20762:2018 လျှပ်စစ်သုံးယာဉ်များ - ပေါင်းစပ် လျှပ်စစ်သုံးယာဉ်မောင်းနှင်မှုအတွက် စွမ်းအားသတ်မှတ်ခြင်း

၇၂။ MMS ISO 21782-1:2023 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် - အပိုင်း (၁) - အထွေထွေ စမ်းသပ်မှုအခြေအနေများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ MMS ISO 21782-2:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် - အပိုင်း (၂) - မော်တာစနစ် စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၄။ MMS ISO 21782-3:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် - အပိုင်း (၃) - မော်တာနှင့် inverter စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၅။ MMS ISO 21782-6:2019 လျှပ်စစ်သုံးယာဉ်များ - လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် - အပိုင်း (၆) - မော်တာနှင့် inverter တို့၏ လည်ပတ်မှုအား (operating load) စမ်းသပ်ခြင်း

၇၆။ MMS ISO 23273:2013 လောင်စာဆဲလ်အသုံးပြုယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ - ဖိသိပ်ထားသည့် ဟိုက်ဒရိုဂျင်အားဖြင့် လောင်စာသုံးသောယာဉ်များအတွက် ဟိုက်ဒရိုဂျင်ဆိုင်ရာအန္တရာယ်များမှကာကွယ်ခြင်း

၇၇။ MMS ISO 23274-1:2019 ပေါင်းစပ် - လျှပ်စစ်သုံးယာဉ်များ (Hybrid-electric) - အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှုတိုင်းတာခြင်း - အပိုင်း (၁) - ပြင်ပမှ အားသွင်း၍ မရသောယာဉ်များ

၇၈။ MMS ISO 23274-2:2021 ပေါင်းစပ်-လျှပ်စစ်သုံးယာဉ်များ - အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှု တိုင်းတာခြင်း - အပိုင်း(၂) - ပြင်ပမှ အားသွင်းနိုင်သောယာဉ်များ

၇၉။ MMS ISO 23280:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ - မော်တာဒိုင်နမိုမီတာအသုံးပြု၍ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်ရန် စမ်းသပ်မှုနည်းလမ်း

၈၀။ MMS ISO 23828:2022 လောင်စာဆဲလ်အသုံးပြုယာဉ်များ - စွမ်းအင်သုံးစွဲမှုတိုင်းတာခြင်း - ဖိသိပ်ထားသောဟိုက်ဒရိုဂျင် (compressed hydrogen) လောင်စာသုံးယာဉ်များ

၈၁။ MMS ISO 22002-2:2025 အစားအသောက်ဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက် အစီအစဉ်များ - အပိုင်း(၂) - ပြင်ဆင်တည်ခင်းဧည့်ခံခြင်း

၈၂။ MMS UNECE R 11: 2015 ယာဉ်၏ တံခါးဖွင့်ပိတ်စနစ်၊ တံခါးကို မြဲမြံစွာတပ်ဆင်ရာတွင် အသုံးပြုသည့် ပစ္စည်းအစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၃။ MMS UNECE R 12: 2024 ယာဉ်ရှေ့မှ တိုက်မိချိန်တွင် ယာဉ်မောင်းသူကို steering mechanism မှ ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုမှ ကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့် ယာဉ်အသိအမှတ်ပြုခြင်းနှင့်သက်ဆိုင်သော တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၄။ MMS UNECE R 23: 2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် နောက်ဆုတ်မီး (Reversing Lamps) နှင့် မောင်းနှင်စစ်ဆေးရေးမီးများ (Manoeuvring Lamps) နှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၅။ MMS UNECE R 37: 2015 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင်အသုံးပြုရန် အတည်ပြုထားသော မီးခွက်များ၌ ထည့်သွင်းအသုံးပြုမည့် ဖိုင်လာမင်မီးသီး (Filament Lamps) များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၆။ MMS UNECE R 40:1979 အင်ဂျင်စနစ်အသုံးပြုသော မော်တော်ဆိုင်ကယ်များမှ အိတ်ဇောခတ်ငွေ့ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၇။ MMS UNECE R 53:2018 Category L3 (မော်တော်ဆိုင်ကယ်) များတွင် မီးအလင်းရောင်ပေးစနစ်နှင့် မီးအချက်ပြစနစ်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၈။ MMS UNECE R 55:2025 တွဲဆိုင်းယာဉ်များ၏ ယာဉ်အချင်းချင်း ချိတ်ဆက်ရာတွင် အသုံးပြုသော စက်မှုပိုင်းဆိုင်ရာ ကိရိယာများနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၉။ MMS UNECE R 58:2017 နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်ပေးသည့်ပစ္စည်းများ (RUPDs)၊ အတည်ပြုချက်ရရှိထားသည့် RUPDs ကို တပ်ဆင်ထားသည့်မော်တော်ယာဉ်များ၊ နောက်ဘက်မှဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်မှုစနစ်ပါရှိသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၀။ MMS UNECE R 60:2013 ထိန်းချုပ်ခလုတ်များ၊ သတိပေးအချက်ပြမီးများနှင့် ညွှန်ပြကိရိယာများကို ခွဲခြားမှတ်သားခြင်းအပါအဝင် မောင်းနှင်သူကိုယ်တိုင် ထိန်းချုပ်လုပ်ဆောင်ရသော စနစ်များနှင့်စပ်လျဉ်း၍ ဘီးနှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များနှင့် မိုပက် (Moped) များအား အမျိုးအစားအတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၁။ MMS UNECE R66:2009 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ အပေါ်ပိုင်း ကိုယ်ထည်တည်ဆောက်ပုံကြံ့ခိုင်မှု (Strength of Superstructure) နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၂။ MMS UNECE R 73:2011 ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD) တပ်ဆင်ထားသော မော်တော်ယာဉ်များ၊ ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD)သီးသန့်နှင့် အတည်ပြုချက်ရရှိထားသော ဘေးဘက်အကာအကွယ်ပစ္စည်း (LPD) အမျိုးအစားကို မော်တော်ယာဉ်များတွင် စနစ်တကျတပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၃။ MMS UNECE R 78:2022 ဘရိတ်စနစ်နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား Category L1, L2, L3, L4 နှင့် L5 ရှိ မော်တော်ယာဉ်များကို အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၄။ MMS UNECE R 80:2012 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ ထိုင်ခုံကြံ့ခိုင်မှုခံနိုင်ရည်နှင့် ထိုင်ခုံချိတ်ဆက်ခိုင်မြဲမှုစနစ်တို့နှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၅။ MMS UNECE R 81:1989 နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များ (ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) တွင် နောက်ကြည့်မှန်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြည့်မှန်များနှင့် အဆိုပါမော်တော်ဆိုင်ကယ်များကို အတည်ပြုချက် ထုတ်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၆။ MMS UNECE R 85:2013 မော်တော်ယာဉ်သုံးအင်ဂျင်များနှင့် လျှပ်စစ်မောင်းနှင်မှုစနစ်များ၏ စွမ်းအားတိုင်းတာစစ်ဆေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၇။ MMS UNECE R 101:2005 မော်တော်ယာဉ်များ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၊ လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် အကွာအဝေးတို့အားတိုင်းတာခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၈။ MMS UNECE R 107:2023 M2 နှင့် M3 မော်တော်ယာဉ်များ၏ အထွေထွေတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၉။ MMS UNECE R 118:2023 မော်တော်ယာဉ်များ တည်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၏ မီးလောင်လွယ်မှုနှင့် စက်သုံးဆီ (သို့မဟုတ်) ချောဆီများ မစုပ်ယူစေရန် ကာကွယ်နိုင်စွမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၀။ MMS UNECE R 121:2015 ယာဉ်မောင်းသူ ဘေးကင်းလုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန်အတွက် ကားအတွင်းပိုင်းကခလုတ်များ၊ အချက်ပြမီးများနှင့် ဒိုင်ခွက်များကို စနစ်တကျနေရာချထားခြင်းနှင့် သင်္ကေတပုံစံများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၁။ MMS UNECE R 138:2017 အသံကြားရမှုအဆင့် လျော့နည်းခြင်းနှင့်စပ်လျဉ်း၍ အသံတိုးသော မော်တော်ယာဉ်များအား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၂။ MMS UNECE R 148:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် မီးအချက်ပြစနစ်သုံးကိရိယာများ မီးလုံး/ မီးခွက်များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၃။ MMS UNECE R 149:2020 စက်တပ်ယာဉ်များအတွက် လမ်းပေါ်တွင် အလင်းပေးသည့်ကိရိယာများ (Road Illumination device) နှင့် စနစ်များအား အတည်ပြုပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၄။ MMS UNECE R 150:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် အလင်းပြန်ပစ္စည်းများ၊ အမှတ်အသားများ (Retro-reflective devices and markings) နှင့် စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

(ဆက်လက်ဖော်ပြပါမည်)

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)



ပုံ(၁၁) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ



ပုံ(၁၂) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

**ဖုန်းနံပါတ်ပြင်ဆင်ခြင်း**

(၁) ဖုန်းနံပါတ်နေရာ၏ ဘေးရှိ **"ပြောင်းရန်"** ကို Click နှိပ်ပါ။ ထိုအခါ ဖုန်းနံပါတ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခုပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **ဖုန်းနံပါတ်အသစ် (New Phone Number)** ကို ရိုက်နှိပ်ထည့်သွင်းပါ။


(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် ဂဏန်း (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပါသည်။

(၄) ရောက်ရှိလာသော ဂဏန်း(၆)လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင်ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာဖြည့်သွင်းပြီးပါက ဖုန်းနံပါတ်ပြောင်းလဲခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည် ဖြစ်ပါသည်။

**အထူးသတိပြုရန်** - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါတွင် **"ဖုန်းနံပါတ်အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"**တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။

**မှတ်ချက်** - လျှောက်ထားသူတွင် ဖုန်းနံပါတ်နှင့် အီးမေးလ် နှစ်မျိုးလုံးရှိနေပါက နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါ "ဖုန်းနံပါတ်" (သို့မဟုတ်) "အီးမေးလ်" နှင့်အတူ မိမိ၏ "မူလလျှို့ဝှက်နံပါတ် (Old Password)" ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။




ပုံ(၁၃) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ



ပုံ(၁၄) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ



ပုံ(၁၅) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ


**(င) စကားဝှက်ပြောင်းလဲခြင်း**

လျှောက်ထားသူသည် မိမိ၏စကားဝှက်ကိုပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းတွင် **"လုံခြုံရေး" (Security)** Tab ကို Click နှိပ်ပါ။ ထို့နောက် **"လုံခြုံရေး" (Security)** Tab သည် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် စကားဝှက်ပြောင်းလဲရန် စာမျက်နှာပေါ်လာမည်ဖြစ်ပါသည်။




ပုံ(၁၆) စကားဝှက်ပြင်ဆင်ရန် ဖောင်ပုံစံ

**စကားဝှက်ပြောင်းလဲရန်**

"လုံခြုံရေး" စာမျက်နှာသို့ရောက်ရှိပါက **"စကားဝှက်ပြောင်းလဲရန်"** အပိုင်းတွင် အောက်ပါအချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းပါ -

(၁) မိမိ လက်ရှိအသုံးပြုနေသော စကားဝှက်ဟောင်းကို ရိုက်ထည့်ပါ။

(၂) ပြောင်းလဲအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ရိုက်ထည့်ပါ။

(၃) စကားဝှက်အသစ်ကိုပင် ထပ်မံရိုက်ထည့်ပါ (စကားဝှက်နှစ်ခု ကိုက်ညီရပါမည်)။

အချက်အလက်များ ဖြည့်သွင်းပြီးပါက **"သိမ်းမည်"** ဟူသော အစိမ်းရောင်စာသားကို Click နှိပ်၍ အတည်ပြုပါ။

**နှစ်ဆင့်အတည်ပြုခြင်း စနစ်ဖွင့်ရန် (Enable 2FA)**

အကောင့်ကို ပိုမိုလုံခြုံစိတ်ချရစေရန်အတွက် နှစ်ဆင့်အတည်ပြုခြင်း (Two-Factor Authentication) စနစ်ကို ဖွင့်လှစ်နိုင်ပါသည် -

(၁) စာမျက်နှာအောက်ခြေရှိ **"2FA ဖွင့်မည်"** ကို Click နှိပ်ပါ။

(၂) ဤစနစ်ကိုဖွင့်ထားပါက နောက်တစ်ကြိမ် အကောင့်ဝင်ရောက်သည့်အခါ သတ်မှတ်ထားသော လုံခြုံရေးကုဒ်နံပါတ် (TOTP) ကို စနစ်တကျ ထည့်သွင်းပေးရမည် ဖြစ်ပါသည်။

(၃) "2FA ဖွင့်မည်" ခလုတ်ကို နှိပ်လိုက်ပါက မျက်နှာပြင်ပေါ်တွင် လုံခြုံရေးဆိုင်ရာ QR ကုဒ်နှင့် စနစ်ထည့်သွင်းကီး(Setup Key)တို့ ပေါ်လာမည်ဖြစ်ပြီး အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၄) မိမိဖုန်းထဲရှိ အတည်ပြုခြင်းအက်ပ်(ဥပမာ - **Google Authenticator** သို့မဟုတ် **Microsoft Authenticator**)ကို ဖွင့်ပါ။

(၅) အက်ပ်အတွင်းရှိ အပေါင်းလက္ခဏာ (+) သို့မဟုတ် အကောင့်ထည့်ရန်ကို Click နှိပ်ပါ။

(၆) အက်ပ်ရှိ ကင်မရာဖြင့် စနစ်မျက်နှာပြင်ပေါ်တွင် ပြသထားသော **"QR ကုဒ်"ကို စကင်ဖတ်(Scan)**ပါ။ သို့မဟုတ် ဖုန်းဖြင့် စကင်ဖတ်ရန် အဆင်မပြေပါက ပေါ်နေသော **"စနစ်ထည့်သွင်းကီး" (Setup Key)**ကို ကူးယူပြီး အတည်ပြုအက်ပ်ထဲသို့ ကိုယ်တိုင်ရိုက်ထည့်ပေးပါ။

(၇) အက်ပ်ထဲတွင် ပေါ်လာသည့် အချိန်အလိုက်ပြောင်းလဲနေသော **ဂဏန်း ၆ ပါကုဒ်(OTP)**ကို စနစ်အတွင်းသို့ ရိုက်ထည့်၍ အတည်ပြုခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်ပေးပါ။

**(စ) လျှောက်ထားသူအကောင့် ဖျက်သိမ်းခြင်း**

မိမိ၏ လျှောက်ထားသူအကောင့်ကို စနစ်မှ လုံးဝ(လုံးဝ) ဖျက်သိမ်းလိုပါက အောက်ပါအတိုင်း အဆင့်ဆင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) အကောင့်စာမျက်နှာရှိ **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ လုံခြုံရေးအရ အတည်ပြုရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော ဘောက်စ်ထဲတွင် မိမိအသုံးပြုနေသော **လျှို့ဝှက်နံပါတ်(Password)**ကို ရိုက်နှိပ်ထည့်သွင်းပါ။


(၃) လျှို့ဝှက်နံပါတ် ထည့်ပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ အတည်ပြုကုဒ် တောင်းခံရန် စာသားကွက် ပေါ်လာမည်ဖြစ်ပါသည်။

(၄) စနစ်မှ အတည်ပြုကုဒ်ပေးပို့နိုင်ရန် **"ကုဒ်တောင်းမည်"** စာသားကို Click နှိပ်ပါ။ သင့်အကောင့်ထဲရှိ ဖုန်းနံပါတ်(သို့မဟုတ်) အီးမေးလ်ထံသို့ (၆) လုံးပါဝင်သော အတည်ပြုကုဒ် (6-Digit Code) ရောက်ရှိလာမည် ဖြစ်ပါသည်။

(၅) ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တကျ ပြန်လည်ဖြည့်သွင်းပြီးနောက် **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။

(၆) အကောင့်ဖျက်သိမ်းခြင်း အောင်မြင်သွားပါက စနစ်သည် **Login Page (အကောင့်ဝင်ရောက်ရန် စာမျက်နှာ)** သို့ အလိုအလျောက် ပြန်လည်ရောက်ရှိသွားမည် ဖြစ်ပါသည်။


**အထူးသတိပြုရန်** - ဖျက်သိမ်းလိုက်သော အဆိုပါအကောင့် (User Account)ကို နောက်နောင်တွင် စနစ်အတွင်းသို့ မည်သို့မျှ ပြန်လည်ဝင်ရောက် အသုံးပြုနိုင်တော့မည် မဟုတ်ပါ။




ပုံ(၁၇) အကောင့်ဖျက်ရန် ဖောင်ပုံစံ



ပုံ(၁၈) အကောင့်ဖျက်ရန် ဖောင်ပုံစံ



ပုံ(၁၉) အကောင့်ဖျက်ရန် ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ ချဲလ်ဆီးအသင်း၊ နာပိုလီအသင်း၊ ဗလင်စီယာအသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ညမှာတော့ ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲအားလုံး ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ရာသီအစပွဲတွေဖြစ်တာကြောင့် အသင်းကြီးတွေအနေနဲ့လဲ မထင်မှတ်ဘဲရှုံးပွဲကြုံနေတာဖြစ်လို့ သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ပွဲစဉ်တွေမှာ အသင်းကြီးတွေအနေနဲ့ အသစ်ခေါ်ယူထားတဲ့ကစားသမားတွေကို အလှည့်ကျအသုံးပြုရင်း ရမှတ်အပြည့်ရယူဖို့ကြိုးစားလာနိုင်တာဖြစ်လို့ လာမဲ့တနင်္ဂနွေနေ့ညမှာလဲ အသင်းလိုက်ကစားအားကောင်းနေတဲ့ ချဲလ်ဆီးအသင်း၊ နာပိုလီအသင်းနဲ့ ဗလင်စီယာအသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၂) မှာအကြိုက်တွေ့တာကတော့ ချဲလ်ဆီးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ အခုရာသီမှာ နည်းပြအလွန်ဆိုကိုခန့်အပ်ပြီးနောက် ပြုပြင်ပြောင်းလဲမှုတွေအများအပြားပြုလုပ်ခဲ့ပြီး နေရာစုံမှာကစားသမားသစ်တွေကို အားဖြည့်ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ နည်းပြအလွန်ဆိုဟာ ကစားသမားသစ်တွေနဲ့ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းတွေယူနိုင်ခဲ့သလို တိုက်စစ်ပိုင်းကလဲဂိုးတွေသွင်းယူနိုင်အောင် စွမ်းဆောင်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာလဲ လန်ဒန်မြို့ခံပြိုင်ဘက်ဖူလ်ဟမ်အသင်းနဲ့ကစားခဲ့ရပေမဲ့ ပွဲစကတည်းက ပြိုင်ဘက်ရဲ့အားနည်းချက်ကိုရှာဖွေခဲ့ပြီး တန်ပြန်တိုက်စစ်ကနေ သုံးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိသေးတာကြောင့် နှစ်ဂိုးပြန်ပေးလိုက်ရလို့ သုံးဂိုးနှစ်ဂိုးသာနိုင်ပွဲရခဲ့တာဖြစ်ပေမဲ့ အခုပွဲမှာတော့ အိမ်ရှင်အားသာချက်နဲ့ ဘရိုက်တန်ကိုထိန်းချုပ်ကစားနိုင်ဖို့ နည်းပြအလွန်ဆိုပြင်ဆင်လာမှာသေချာပါတယ်။

ဘရိုက်တန်အသင်းကတော့ နည်းပြဟာဇီလာလက်ထက်မှာ ကစားပုံတိုးတက်လာတဲ့အပြင် လူငယ်ကစားသမားကောင်းတွေလဲ ထပ်မံပေါ်ထွက်လာတာဖြစ်ပါတယ်။ အသင်းကအဓိကကစားသမားတွေဖြစ်တဲ့ ဆိုလီမက်၊ ဝက်စတာ၊ ဗက်မန်းတို့လို ကစားသမားတွေကို အလွတ်ပြောင်းရွှေ့ခွင့်ပေးလိုက်ရပြီး ကွင်းလယ်ကဘာလီဘာကိုလဲ မန်ယူအသင်းကိုရောင်းချခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အသင်းရဲ့ကစားကွက်နဲ့ ကစားအားကတော့ကျဆင်းသွားခြင်းမရှိဘဲ ပြီးခဲ့တဲ့အဖွင့်ပွဲမှာလဲ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။လက်ရှိမှာတော့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကောင်းတဲ့ ချဲလ်ဆီးအသင်းနဲ့ကစားရမှာဖြစ်လို့ အဖွင့်ပွဲကလိုတိုက်စစ်ဖွင့်ကစားရင်တော့ ဘရိုက်တန်အသင်းပေးဂိုးများသွားနိုင်ပြီး အခုပွဲမှာ တိုက်စစ်ပိုင်းပိုကောင်းနေတဲ့ ချဲလ်ဆီးအသင်းကိုပဲအားပေးရမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၃ | - | ၀ | အေစီမီလန် |
| ဂျိုဟောဒါရူ | ၃ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၃ | - | ၁ | ဆိုစီဒက် |
| ဖူလ်ဟမ် | ၂ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၀ | လူတန် |

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၃ | - | ၀ | ရိုးမား |
| ဘရိုက်တန် | ၁ | - | ၀ | ဘိုလော့နာ |
| ထရွန်ဆို | ၀ | - | ၀ | ဘရိုက်တန် |
| ဘရိုက်တန် | ၄ | - | ၀ | အေဗီလာ |
| ဘရိုက်တန် | ၄ | - | ၀ | ထရွန်ဆို |

## နာပိုလီအသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပွဲစဉ် (၂) မှာ အကြိုက်တွေ့တာကတော့ နာပိုလီအသင်းနဲ့ ကိုမိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းကလဲ အခုကာလမှာနည်းပြသစ်အဖြစ် အယ်လီဂရီကိုခန့်အပ်ခဲ့ပြီး အသင်းကအဓိကကစားသမားတွေ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်အောက်မှာ တိုက်စစ်ကစားပုံတိုးတက်လာခဲ့ပြီးခြေစမ်းပွဲတွေမှာ ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့သလို ပြီးခဲ့တဲ့အဖွင့်ပွဲမှာ ဂျီနိုအာအသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဂျီနိုအာအသင်းနဲ့ပွဲမှာတော့ ကွင်းလယ်ကစားသမားဒီဘရိုင်း ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက်တစ်ဂိုးသွင်းယူပြီး တစ်ဂိုးဖန်တီးမှုပြုလုပ်ပေးခဲ့တာကြောင့် အခုပွဲမှာလဲ ကွင်းလယ်မှာ လိုဘော့ကာ၊ ဒီဘရိုင်း၊ တွန်မီနေးတို့ပွဲထွက်လာမယ်ဆိုရင်တော့ ကိုမိုအသင်းကွင်းလယ်ကိုထိန်းချုပ်နိုင်မှာဖြစ်လို့ နိုင်ပွဲရှာနိုင်ဖို့သေချာမှာပါ။

ကိုမိုအသင်းကတော့ နည်းပြဖာဘရီဂတ်စ်လက်အောက်မှာ ဝါရင့်ကစားသမားတွေနဲ့ ရလဒ်ကောင်းရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုအပြောင်းအရွှေ့မှာလဲ ခံစစ်ပိုင်းလိုအပ်ချက်ကို ထပ်မံဖြည့်တင်းနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီထက်စာရင် ကစားသမားအင်အားတောင့်တင်းလာတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဖွင့်ပွဲမှာတော့ အူဒီးနီးစ်အသင်းနဲ့ကစားခဲ့ရပြီး သရေတစ်မှတ်သာရခဲ့တာကိုတွေ့ရမှာပါ။အဲဒီပွဲမှာ ကိုမိုအသင်းရဲ့ တောင်ပံတိုက်စစ်ကစားပုံအားနည်းခဲ့တာကြောင့် အခုပွဲမှာ ဒီအားနည်းချက်ကိုပြင်နိုင်မှသာ နာပိုလီအသင်းကိုပွဲချိန်ပြည့်ရင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်းမှာ လက်ရှိနာပိုလီအသင်းက ကစားသမားစုဖွဲ့မှုနဲ့ကစားကွက်ပိုင်းမှာအသာရနေပြီး ထိပ်တိုက်တွေ့ဆုံမှုမှာလဲ နာပိုလီအသင်းကပဲအသာရနေတာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ကွင်းလယ်ကစားအားကောင်းနေတဲ့ နာပိုလီအသင်းပဲရလဒ်ကောင်းမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၂ | - | ၀ | ကာရာရီစီ |
| နာပိုလီ | ၂ | - | ၁ | အိုဆာဆူနာ |
| နာပိုလီ | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| နာပိုလီ | ၆ | - | ၂ | အရစ် |
| ဂျီနိုအာ | ၀ | - | ၂ | နာပိုလီ |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | ၂ | - | ၂ | ပဲရစ် |
| အာဆင်နယ် | ၁ | - | ၁ | ကိုမို |
| လီဗာပူး | ၀ | - | ၀ | ကိုမို |
| လီဗာပူး | ၂ | - | ၀ | ကိုမို |
| အူဒီးနီးစ် | ၁ | - | ၁ | ကိုမို |

## ဗလင်စီယာအသင်းကို ရွေးရမှာပါ

လာလီဂါပွဲစဉ် (၃) မှာအကြိုက်တွေ့မိတာကတော့ ကော်ရူနာအသင်းနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကော်ရူနာအသင်းဟာ အခုနှစ်မှာလာလီဂါပြိုင်ပွဲကို တန်းတက်လာခဲ့ပေမဲ့ သမိုင်းတစ်လျှောက် ဗလင်စီယာအသင်းနဲ့ကစားခဲ့ရာမှာ ခုနစ်ပွဲရှုံး၊ လေးပွဲသရေ၊ တစ်ပွဲသာနိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ကော်ရူနာအသင်းဟာ ခြေစမ်းပွဲတွေမှာ ခံစစ်ပိုင်းအကောင်းဆုံးတည်ဆောက်နိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းကတော့ ဂိုးရဖို့ အခက်တွေ့နေတာကိုသတိပြုရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ မာလာဂါအသင်းနဲ့ကစားခဲ့ရပေမဲ့ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကိုသာခံနေရတာကြောင့် တန်ပြန်တိုက်စစ်နဲ့သာတုံ့ပြန်ကစားခဲ့ရပြီး တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာ ဗလင်စီယာအသင်းလိုဝါရင့်ကစားသမားတွေများတဲ့ အသင်းနဲ့ကစားချိန်မှာ ခံစစ်ကိုအားပြုလွန်းရင်တော့ ဂိုးပေးရဖို့သေချာနေလို့ ရှန်းကန်ရဖို့များပါတယ်။

ဗလင်စီယာအသင်းဟာ အခုအပြောင်းအရွှေ့ကာလမှာ အသင်းကအဓိကကစားသမားတွေ ဆက်လက်ထိန်းသိမ်းခဲ့ပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်တွေရှိနေတာကြောင့် ပြီးခဲ့တဲ့နှစ်ပွဲဆက်မှာ နိုင်ပွဲပျောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာအဖွင့်ပွဲမှာ ဆဲလ်တာဗီဂိုအသင်းနဲ့ကစားရတာကြောင့် ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်နဲ့တုံ့ပြန်ခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပွဲမှာလဲ နောက်တန်းငါးယောက်နဲ့ ပြိုင်ဘက်ဘက်တစ်အသင်းကို ထိန်းချုပ်ကစားခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကနေ ပြိုင်ဘက်ကိုခြိမ်းခြောက်မှုတွေလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ နည်းပြကားလို့စ်အနေနဲ့ တန်းတက်ကော်ရူနာအသင်းနဲ့ တွေ့ဆုံနေတာဖြစ်လို့ နိုင်ပွဲပြန်လည်ရှာဖွေပြီး ဖိအားအောက်ကရုန်းထွက်ရမှာဖြစ်တာကြောင့် တိုက်စစ်ကစားပုံပြောင်းလဲလာမှာသေချာပါတယ်။ ပရိသတ်အများစုက ဗလင်စီယာအသင်းကိုယုံကြည်ဖို့ခက်နေပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုနဲ့ လာလီဂါပြိုင်ပွဲအတွေ့အကြုံမှာ ဗလင်စီယာအသင်းက ကော်ရူနာအသင်းထက်သာနေတာဖြစ်လို့ အခုပွဲမှာ ဗလင်စီယာအသင်းကိုပဲရွေးရမှာပါ။

### ကော်ရူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၁ | ကော်ရူနာ |
| ဂျီနိုအာ | ၀ | - | ၁ | ကော်ရူနာ |
| ကော်ရူနာ | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ကော်ရူနာ | ၁ | - | ၁ | အယ်ချီ |
| မာလာဂါ | ၁ | - | ၁ | ကော်ရူနာ |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၂ | ကက်စတယ်လွန် |
| စတုတ် | ၁ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၂ | နယူးကာဆယ် |
| ဗလင်စီယာ | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၀ | - | ၁ | ဘက်တစ် |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၈၅၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၈၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၂၅ ဧကနှင့် ဖူးစားပြောင်း ၁၅၂၉ ဧက စုစုပေါင်း ၁၈၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပြောင်း ၁၈၅၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ခနုဖြူမြို့နယ် ကျားချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ခနုဖြူ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ် ကုန်းတန်းတောင်ကျေးရွာအုပ်စု ကျားချောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇက်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ရေရရှိရေးကော်မတီဝင်များကို သောက်သုံးရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျဖြန့်ဝေသုံးစွဲကြရန်လိုအပ်ကြောင်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်း အစီအစဉ်များထားရှိရန်နှင့် လိုအပ်သည့်နည်းပညာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျားချောင်းကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ပေ ၂၀ ရှိ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ကွန်ပရက်စာတစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် ခနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**




## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက(ခွဲ) ဧည့်ပြကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဖြိုးဇော်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမျိုးကျော်** ဖြစ်ပါကြောင်း။ **ဦးမျိုးကျော်(၉/စကတ(နိုင်)၁၁၁၇၃၅)**

## မိဘအမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ တော်ဝင်လင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မနန္ဒာအောင်၏မိဘနှစ်ပါးအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဖခင် ဦးမြနိုင်+ မိခင် ဒေါ်နွယ်နွယ်ဝင်း** ဖြစ်ပါကြောင်း။

**ဦးမြနိုင်(၉/တတဥ(နိုင်)၁၃၉၇၁၃)+**
**ဒေါ်နွယ်နွယ်ဝင်း(၉/တတဥ(နိုင်)၁၂၅၈၈၁)**

## ဖခင်အမည်မှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အထက(၃၆) Grade-5 တွင် ပညာသင်ကြားနေသော မယွန်းနဒီအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်ဇော်မင်း** ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်မင်း**
**(၉/ခမစ(နိုင်)၀၃၆၂၃၁)**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲမြင့်အောင်၏ သား မောင်အာကာမြင့်မြတ်အောင်အား **မောင်ရှိုင်းမြင့်မြတ်အောင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရှိုင်းမြင့်မြတ်အောင်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ Majesty Private School မှ Grade-4 တန်းတွင် ပညာသင်ကြားနေသော မောင်လင်းထက်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထက်မြင့်မြတ်အောင် ဖြစ်ပါကြောင်း။

**ဦးထက်မြင့်မြတ်အောင်(၉/အမဇ(နိုင်)၀၀၁၇၈၂)**

## အမည်မှန်

မန္တလေးမြို့၊ မျိုးညွန့်ကိုယ်ပိုင်ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မနန်းအိန္ဒြေလင်းနှင့် သူရိန်နန်းကိုယ်ပိုင်ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မယွန်းရတီလင်းအောင်၏ ဖခင်အမည်မှန်မှာ **ဦးဆန်းလင်း** ဖြစ်ပါကြောင်း။ **ဦးဆန်းလင်း(၁၄/မမက(နိုင်)၁၅၅၂၈၇)**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ (၄၅)၊ အမရဌာနီအရှေ့ရပ်နေ မောင်အောင်ကျော်မိုး (ဘ) ဦးထွန်းထွန်းအောင် (၉/အမဇ(နိုင်)၀၅၅၂၂၇)၏ နိုင်ငံကူးလက်မှတ် P.P. No-ME 663690 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-966696366**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂၂)အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ Grade-4(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်မျိုးမြင့်၏ သား မောင်ကောင်းစံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၁-၁၁-၂၀၁၆ ဖြစ်ပါကြောင်း။ **မောင်ကောင်းစံလင်း ၂၁-၁၁-၂၀၁၆**

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ နန်းမတော်ရပ်နေ ဦးကျော်ဆွေ (ဘ) ဦးလှဒင်(၉/အမရ(နိုင်)၀၆၉၂၅၁) ကိုင်ဆောင်သူမှ ညီမဖြစ်သူ ဒေါ်နှင်းနှင်းမာ (ဘ) ဦးလှဒင် (၉/အမရ(နိုင်)၀၀၂၄၇၀)ကိုင်ဆောင်သူအား အစ်ကိုဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အရှက်ရအောင်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် နောက်နောင် ၎င်း၏ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိမိအိမ်နှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဆွေ**
**(၉/အမရ(နိုင်)၀၆၉၂၅၁)**
**လေးစုရပ်ကွက် နန်းမတော်ရပ် အမရပူရမြို့**

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ ပလစ(၂)၊ အခြေခံပညာစက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ဇော်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဆန်းဝင်း** ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်း (၁၄/ဒဒရ(နိုင်)၀၉၀၁၀၄)**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့၊ ခါတက်ကုန်းကျေးရွာအုပ်စု၊ အရှေ့ဘက်တဲကျေးရွာနေ မောင်အောင်သူ (ဘ) ဦးဘိုရုံ(ခ)ဘိုယုံ (၉/တသန(နိုင်)၁၈၅၄၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-756522671**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ မနန္ဒာလင်း (ဘ) ဦးသိန်းမြင့် (၁၃/ကလတ(နိုင်)၀၃၉၁၀၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-674547950**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ မြစ်တူးကျေးရွာနေ ဦးခင်မောင်စိုး (ခ) စိုးစိုး၏ သားများဖြစ်သော မောင်ရန်ပိုင်စိုး (၉/အမရ(နိုင်)၁၃၃၂၀၈)နှင့် မောင်ဖြိုးဝေအောင်(၉/အမရ(နိုင်)၁၃၂၀၂၀) တို့သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးခင်မောင်စိုး(ခ)စိုးစိုး (၉/အမရ(နိုင်)၀၃၆၇၇၂)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မက္ခရွာကျေးရွာမှ ဦးမင်းမင်းဦး၏ သမီး မခက်ခက်ခိုင်ဦး၏ အမည်မှန်မှာ **မခက်ခက်ဦး(၉/စကတ(နိုင်)၁၁၁၄၃၂)**ဖြစ်ပါကြောင်း။

**မခက်ခက်ဦး(၉/စကတ(နိုင်)၁၁၁၄၃၂)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

**ရတနာပုံ ယနေ့ဖတ်စရာ**

၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၁၈

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်ကိုယ်စီလုပ်ကြစို့ ဆောင်းပါး

စာမျက်နှာ - ၁၀

**ရတနာပုံ ယနေ့ဖတ်စရာ**

ဟသ်ာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီး တစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက် ယူဆောင်သွားသူ တရားခံ အမျိုးသား နှစ်ဦးကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ - ၂၆

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်းဦးရေ ၁၄၀ တို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေ ပေးအပ်စဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ■

# ကလေးမြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ကလေးမြို့နယ်တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော်ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီတွင် သတင်းအရ ကလေးမြို့နယ် ချင်းတွင်းတံတားအနီးတွင် ဇမ်းလျှန်းပုမ်း မောင်းနှင်ပြီး ဒိုးရှန်းမန် ခေါ် မာန်ဖွေ့ လိုက်ပါလာသော KIA BOGON မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ

စာမျက်နှာ ၂၅ ကော်လံ ၁ ●